ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။** လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 13 February 2019 ၉၅၆၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ညနေ ၆ နာရီတွင် အခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါ်က်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများက ကြိုဆို နှုတ်ဆက်ကြသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

**စာမျက်နှာ ၃ ကော်လံ ၄ သို့**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူ မြန်မာရွှေ့ပြောင်းလုပ်သား ငါးသန်းအထိရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့ကာ လုပ်ကိုင်နေကြသော လူငယ်ရွှေ့ပြောင်းလုပ်သား ဦးရေသည် ယခုအခါတွင် ငါးသန်းခန့်ရှိနေကြောင်း၊ အများဆုံးသည် ထိုင်းနိုင်ငံဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးထံမှ သိရသည်။




**အရဲစွန့်ထွက်**

"အခုဆို ပြည်တွင်းက လူငယ်လူရွယ် အမျိုးသား အမျိုးသမီး အတော်များများဟာ အလုပ်အကိုင်အခွင့်အလမ်းနည်းလာပြီး လုပ်ခလစာ နည်းလာတာကြောင့် ပြည်ပကို အရဲစွန့်ထွက်ပြီး အလုပ်လုပ်ကြတယ်။ ဒါဟာ နိုင်ငံအတွက် လုပ်အားတွေ ဆုံးရှုံးပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်း ဆုံးရှုံးနစ်နာနေတဲ့ လုပ်အားတွေဖြစ်ပါတယ် "ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

လက်ရှိကာလများတွင် ပြည်တွင်းရှိ လူလတ်ပိုင်းအရွယ် အမျိုးသား အမျိုးသမီး သုံးသန်းနီးပါးခန့်သည် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေကြပြီး အတတ်ပညာပိုင်းအရ သော်လည်းကောင်း၊ အခြေခံအထွေထွေ လုပ်သားများအဖြစ် သော်လည်းကောင်း ရရာအလုပ်ဖြင့် လုပ်ကိုင်နေကြကြောင်း သိရသည်။

ထို့အပြင် မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဒူဘိုင်း၊ ကာတာနှင့် အခြားအီးယူနိုင်ငံများတွင်လည်း သွားရောက်လုပ်ကိုင်နေကြပြီး ပြည်ပနိုင်ငံများရောက် မြန်မာရွှေ့ပြောင်းလုပ်သားဦးရေသည် စုစုပေါင်း ငါးသန်းခန့်ရှိနေကြောင်း သိရသည်။ ယင်းသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်း၊ လုပ်ခလစာနည်းပါးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ဓနုတိုင်းရင်းသားများ၏ လက်ဖက်ရည်ကြမ်းဝိုင်းနှင့် ဆုပေးပွဲကျင်းပ

**ကလော ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် ဓနုတိုင်းရင်းသား သံဃာတော်များအဖွဲ့နှင့် ဓနုတိုင်းရင်းသားရေးရာအဖွဲ့တို့က ပူးပေါင်းကျင်းပသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စတုတ္ထအကြိမ် ဓနုတိုင်းရင်းသားများ၏ လက်ဖက်ရည်ကြမ်းဝိုင်းနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက် ၉ နာရီက ရွှေဥမင်ဓနုရတနာကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



**ရှင်းလင်းပြောကြား**

ရှေးဦးစွာ သံဃာတော် အရှင်သူမြတ်တို့က သြဝါဒတရားချီးမြှင့်ပေးခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချခြင်း၊ နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်နာယက ဦးမောင်မောင်နှင့် ပင်းတယမြို့နယ် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေမျိုးကျော်တို့က အမှာစကားပြောကြားပြီး ကလောမြို့နယ် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ဥက္ကဋ္ဌ ဦးမင်းလွင်ဦးက ဓနုလက်ဖက်ရည်ကြမ်းဝိုင်းဖြစ်စဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကလောမြို့နယ်အတွင်းရှိ ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့ပေါ်နှင့် ကျေးရွာအုပ်စုများမှ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေ၍ အလှူရှင်များအတွက် မေတ္တာလက်ဆောင်ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုလွှာပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၈ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (ကြားဖြတ်) ကို အောင်မြင်စွာ ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးခင်မောင်မောင်၊ ခရိုင်ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်မောင်က တာမွေမြို့နယ် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဝင်းတင်၊ ဦးဝင်းအောင်၊ ဦးအောင်စိုးနှင့် ဒေါ်ဥမ္မာမြင့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက တာမွေမြို့နယ် အတွင်းရှိ ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်မှ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ချီးမြှင့်သည့် ဂုဏ်ပြုလွှာများကို ပေးအပ်ခဲ့သည်။

**ဇော်မိုးသောက်**

# ကြေးမုံ

## တောက်ပလာမည့် ကြယ်ပွင့်များအတွက်

ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အားလုံး၏ စည်းလုံးညီညွတ်မှုအခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ ဖြစ်သည်။ မြန်မာနိုင်ငံအတွက် အဖိုးအနဂ္ဃထိုက်တန်သည့် ပြည်ထောင်စုနေ့မှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်အတွက် တောက်ပသည့်အလင်းရောင်များကို ဖန်တီးပေးမည့်နေ့မှာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဖြစ်သည်။

တစ်ဆက်တစ်စပ်တည်းဖြစ်တည်သည့် ထိုနေ့ထူး နှစ်ရက်သည် ကြောင်းကျိုးဆက်စပ် ဆီလျော်မှုကိုဖြစ်စေပါသည်။ ပြည်ထောင်စု၏ သွေးစည်းညီညွတ်မှု မျိုးစေ့အပင်ပေါက်ကို ပျိုးထောင်စိုက်ပျိုး ပြီးသည့်နောက် အနာဂတ်မြန်မာနိုင်ငံအတွက် တောက်ပဝေဆာလာမည့် အဖူးအပွင့်များ သီးပွင့်ဝေဆာလာပါသတည်း။ ထိုအသီးအပွင့်လေးများသည် အနာဂတ်အလင်းရောင် တောက်ပသည့်ကြယ်ပွင့်လေးများဖြစ်ပါသည်။ မျိုးစေ့အပင်ပေါက်သည့် "ပြည်ထောင်စု" အသီးအပွင့်လေးများသည် အနာဂတ်တွင် တောက်ပလာမည့် ကြယ်ပွင့် "ရင်သွေးငယ်များ" ဖြစ်ပါသည်။

မြန်မာ့ရာဇဝင်တွင် ထင်ရှားကျော်ကြားသည့် တောက်ပသော ကြယ်တစ်ပွင့်မှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မကွေးခရိုင် နတ်မောက်မြို့၌ အဖ ဦးဖာ၊ အမိ ဒေါ်စုတို့မှ မီးရှူးသန့်စင်မွေးဖွားခဲ့ပြီးနောက် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားပြည်သူများအတွက် တောက်ပသည့်ကြယ်တစ်ပွင့်၊ မျှော်လင့်ချက်အလင်းရောင် ဖြစ်ခဲ့ပါသည်။ ထိုသို့ဖြစ်ခဲ့သည်နှင့်အညီ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံနှင့်ပြည်သူရှေ့တွင် မားမားမတ်မတ်ရပ်တည်ကာ လွတ်လပ်သောနိုင်ငံတော်ကို တည်ဆောက်ပေးခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၃ ရက်ဖွား မောင်အောင်ဆန်းသည် လူပင် ငယ်သော်ငြား မြန်မာနိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ပြောင်းလဲစေပြီး မြန်မာလူထု၏ မျှော်လင့်ချက်ကို ဖန်တီးတည်ဆောက်ပေးနိုင်သူ ဖြစ်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ ဗိုလ်ချုပ်၏ပင်ကိုဗီဇ၊ ကိုယ်ကျင့်တရားနှင့် ကြိုးစားအားထုတ်မှုများမှာ ငယ်စဉ်ကလေးဘဝကတည်းက တောက်မည့်မီးခဲ တရဲရဲသဖွယ် ရဲရဲနီခဲ့ပါသည်။ အများတကာနှင့်မတူ တစ်မူထူးခြားသည့် ကိုယ်ကျင့်တရားနှင့်စိတ်ဓာတ်များမှာ အံ့သြလောက်ဖွယ်ဖြစ်သည်။

ဗိုလ်ချုပ်၏ မူလသန္တေမျိုးစေ့မှာလည်း သူ့ကျွန်မခံ မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် မျိုးရိုးစဉ်ဆက်ရှိသည်ဖြစ်၍ ကိုအောင်ဆန်းလက်ထက်တွင်လည်း မျိုးရိုးဂုဏ်အပျက်မခံဘဲ ရဲဝံ့စွာတွန်းလှန်နိုင်အောင် ကြိုးပမ်းအားထုတ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖြောင့်မတ်တည်ကြည်မှု၊ ခြိုးခြံချွေတာမှု၊ ကိုယ်ကျိုးစွန့်မှု၊ အမြော်အမြင်ကြီးမားမှု၊ ရဲဝံ့စွန့်စားမှု၊ မဆုတ်မနစ်အားထုတ်မှု၊ မျိုးရိုးဂုဏ်၊ ပညာဂုဏ်ရှိသော်လည်း မာန်မာနမရှိမှု၊ သွေးမကြီးမှု၊ လူတန်းစားဘဉ်ကို မထောက်မညှာ ဝေဖန်နိုင်မှု၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသိအမြင်ကြွယ်ဝမှု၊ အသက်ကို ပဓာနမထားမှု စသည့်အရည်အချင်း၊ အရည်အသွေး အမြောက်အမြားမှာ မြန်မာတို့အဖို့ အတုယူ၊ ဂုဏ်ယူအားကျဖွယ်ရာများဖြစ်သည်။

ထိုသို့ မြန်မာယောကျ်ားကောင်း၊ အာဇာနည်သူရဲကောင်းကို မွေးဖွားခဲ့သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မြန်မာတို့အဖို့ မမေ့နိုင်ဖွယ်ဖြစ်သည်။ ဂုဏ်ယူဖွယ်ဖြစ်သည်။ ထိုနေ့ ထိုရက်ကို မြန်မာကလေးများအားရည်စူး၍ ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံမှ တောက်ပလာမည့်ကြယ်ပွင့်လေးများဖြစ်သည့် မြန်မာကလေးငယ်များ အတုယူအားကျ ဂုဏ်ယူစေလိုရင်းဖြစ်သည်။

သို့ဖြစ်ရာ ဤဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြန်မာတစ်မျိုးသားလုံးတို့အနေဖြင့် ထူးကဲပြောင်မြောက်လှသည့် မြန်မာတစ်မျိုးသားလုံး၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုရည်စူး၍ ၁၀၄ နှစ်ပြည့် မွေးနေ့သဘင်ကို တစ်နိုင်ငံလုံးဆင်ယင်ကျင်းပခြင်းသည် အနာဂတ်တောက်ပမည့် ကြယ်ပွင့်လေးများအတွက် အလင်းဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၈ ရက် စတင်ထုတ်ဝေသည်။ (ပုံနှိပ်မှုမှာ အလွန်သေးငယ်ပြီး မှုန်ဝါးနေသည်)

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**❂ နိုင်ငံတော်သမ္မတမှ**

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ညစာကို အတူတကွ သုံးဆောင်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ငွေ့ရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊

**စာမျက်နှာ ၄ သို့** ❒



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❐ စာမျက်နှာ ၃ မှ
ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**



# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(MCHT) နှင့် စိမ်းလန်းစိုပြည်ဂါးဒင်းတို့ ပူးပေါင်းကျင်းပသော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဈေးပွဲတော် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်ထောင်စုနေ့ဈေးပွဲတော်ကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဂါးဒင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မတူကွဲပြားခြားနားသော တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုးစွဲမက်ဖွယ်ကောင်းသော ရိုးရာဝတ်စုံများ၊ အသုံးအဆောင်များ၊ အစားအစာများ၊ ရိုးရာအနုသုခုမဖျော်ဖြေမှုများကို အများပြည်သူတို့ တစ်နေရာတည်းတွင် တစုတဝေးတည်း တွေ့မြင်လေ့လာနိုင်ပြီး ပိုမိုနှစ်ခြိုက်တန်ဖိုးထားမြတ်နိုးစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

### ဖဲကြိုးဖြတ် ဖွင့်လှစ်

ဖွင့်ပွဲကို ယနေ့ (ပြည်ထောင်စုနေ့) ညနေ ၅ နာရီတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(MCHT) နှင့် စိမ်းလန်းစိုပြည်ဂါးဒင်းတို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအထိမ်းအမှတ် တိုင်းရင်းသားပဒေသာကပွဲအဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားဖျော်ဖြေရေးအဖွဲ့များက မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေခဲ့ကြပြီး **(ယာပုံ)** ပွဲတော်လာ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကလည်း ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ပြည်ထောင်စုနေ့ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ အနုပညာရှင်ကြီးများ၊ နိုင်ငံခြားသံတမန် မိသားစုများ၊ အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အဖွဲ့အစည်းအသီးသီးမှ ဧည့်သည်တော်များနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။




စိမ်းလန်းစိုပြည်ဂါးဒင်းအနေဖြင့် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲတော်များ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအကြိမ်အပါအဝင် ၁၀ ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း - ရီရီမြင့်၊ ဓာတ်ပုံ- ရဲထွန်း**

# တောင်ငူ၌ ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၂**
(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်ပွဲနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက တောင်ငူမြို့ ခရိုင်အားကစားကွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့ စင်မြင့်ထက်၌ ကျင်းပရာ ပြည်သူ ၃၀၀၀ ကျော် တက်ရောက်အလေးပြုခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး (ခေတ္တ) ဒေါ်ညွန့်သူဇာမြင့်က ဖတ်ကြားပြီး တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

တက်ရောက်လာကြသည့် ပြည်သူများက အားကစားကွင်း၌ ဖွင့်လှစ်ပြသထားသည့် ဌာနဆိုင်ရာပြခန်းနှင့် တိုင်းရင်းသားများအပါအဝင် လူမှုရေးအသင်းအဖွဲ့ပြခန်း ၃၈ ခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ပြခန်းများတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲများပါဝင်ပြီး ပြခန်းများကို ဖေဖော်ဝါရီ ၁၅ ရက်ထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ကြသည်။

၁၂၉

❖ ဒုတိယသမ္မတမှ

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစု ပင်လုံမှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်း လုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး ဟူသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။





(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြစဉ်။

**နိုင်ငံတော်အလံ လွှင့်တင်**

ရှေးဦးစွာ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**ချီတက်နေရာယူ**

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် ကျင်းပသည်။

**ရှစ်စက္ကန့်ငြိမ်သက်**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံအဆင့်ဆင့်တွင်ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

**လက်တွေ့ကျကျ တည်ဆောက်ကြဖို့လို**

ထို့နောက် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် "ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ အမျိုးသားရေးဝါဒနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို သဟဇာတဖြစ်စေပြီး ပင်လုံစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ကြသလို ကျွန်ုပ်တို့ဟာ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ သမိုင်းဆိုင်ရာ ပကတိအခြေအနေများကို ဆန္ဒစွဲ၊ လူမျိုးစွဲကင်းစွာ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်၊ လက်တွေ့ကျကျ တည်ဆောက်ကြဖို့ လိုပါတယ်။ လူမျိုးကြီးဝါဒနဲ့ အမြင်ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကိုလည်း ဆန့်ကျင်ကြရပါမယ်" ဟု ပြောကြားသည်။




**သဝဏ်လွှာများကို မှတ်တမ်းတင်**

ဆက်လက်၍ ၎င်းက "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးမူဝါဒနဲ့ သဘောထားများဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံထားတဲ့ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရရှိရေး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်များမှအစ၊ အစိုးရအဖွဲ့ ဖွဲ့စည်းရေးပါမကျန် တိုင်းရင်းသား၊ ယှဉ်ပြိုင်ဘက်အဖွဲ့အစည်းများနဲ့ တပ်မတော်သားများ၊ အခြားအရည်အချင်းပြည့်ဝသူများ၊ ပညာရှင်များ အားလုံး ပူးပေါင်းပါဝင်နိုင်ရေးကို အဓိကမူတစ်ခုအဖြစ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ထို့နောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သောကြေညာချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဦးက ဖတ်ကြားပြီး နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အတ္ထုပ္ပတ္တိလက်ကမ်း

## ဗိုလ်ချုပ်ရေးသည့် ဗိုလ်ချုပ်အကြောင်း



**အန်ကယ်ပညာ**

ကျွန်တော်တို့အား အခြားသူတစ်ဦးဦးက ခေါင်းရိတ်ပေးလျှင် အင်မတန်ညင်သာ၏။ ကျွန်တော်တို့ဖေဖေကား ခါးမထက်တထက်ကို ကောင်းကောင်းမသွေးဘဲ အတင်းတွန်းချ၍ရိတ်၏။ အထူးပင် ခေါင်းရေနာ၏။ ကျွန်တော်တို့သည် ၎င်းခေါင်းရိတ်မည့်အခါကို ရွံ့၏။ တွန့်၏။ သို့သော် ခေါင်းရိတ်သည့်အခါတိုင်း ကျွန်တော့်အစ်ကိုကား အမြဲငို၏။ ငိုတိုင်း ခေါင်းပုတ်ခံရ၏။ ကျွန်တော်ကား မငို။ ကျိတ်ခံ၏။ ထို့ကြောင့် ခေါင်းပုတ်လွတ်၏။

အသက် ၁၀ နှစ်ခန့်အထိ အနာရောဂါနှင့်ကင်းသည်ဟူ၍မရှိ။ သေလုမတတ် အကြိမ်ကြိမ်ဖြစ်ဖူး၏။ ဝဲနာအကြီးအကျယ် သုံးလကျော်စွဲဖူး၏။ ထိုအခါ ကျွန်တော်သည် ဘယ်တော့များမှ ငါ ကျန်းကျန်းမာမာ အမြဲနေရပါမည်နည်းဟု တမ်းတမိ၏။

ကျွန်တော် ရန်မဖြစ်တတ်။ သို့သော် ကျွန်တော်သည် သတ္တိထူးချွန်သူဟု မဆိုနိုင်။ ငယ်ငယ်က သရဲတစ္ဆေ အလွန်ကြောက်တတ်သည်။ ရန်ဖြစ်ခဲ၏။ ကျွန်တော့်အစ်ကိုကား ရန်ခဏခဏဖြစ်၏။ ဦးအောင်ရိုက်နှက်၍ အိမ်ပြေးလာခဲ့၏။ သို့နှင့် မကြာခဏအတိုင်ခံရ၍ မိဘများ အရိုက်ခံရ၏။ ကျွန်တော်ကား ဤသို့မဖြစ်ဖူး။ တစ်ခါသာ ရန်အကြီးအကျယ်ဖြစ်ဖူး၏။ ထိုအခါ လူချင်း ထိုးသတ်ပုတ်ချိန်၌ကား ကျွန်တော်က နိုင်၏။ လူချင်းဖျန်ဖြေသည့်အခါ မရှောင်မတိမ်း ထုံပေပေနေသဖြင့် ခုံဖိနပ်နှင့် အပေါက်ခံရ၍ ခေါင်းပေါက်ဖူး၏။ ထိုအခါမှ ကျွန်တော်၏ ရန်ဖြစ်ဘက်ကိုလိုက်လေရာ ခေါင်းမူး၍မမီ။ ထိုးလိုက်သည့်အချိန်ကား သတ္တိကောင်းပါ၏။ ခေါင်းမူးလာ၍ ခေါင်းစမ်းကြည့်၍ သွေးတွေမြင်သဖြင့် ခေါင်းပေါက်မှန်း သိသောအခါ ကျွန်တော်ငိုလေတော့သည်။ သတ္တိခေသွားလေတော့သည်။

**ရှစ်နှစ်ထဲရောက်မှ ကျောင်းစနေ**

ကျွန်တော်ကား ငယ်ငယ်ကလေးက ယနေ့တိုင် လူရောစိတ်ပါ ပျော့ပျောင်းသည်ဆိုသည့်အချက်ကို နားမလည်ခဲ့၊ နားလည်ရန်လည်းမကြိုးစားခဲ့။ ကြိုးလည်းမကြိုးစားချင်။ ကျွန်တော်ကား စကားအပြောအဆို မဖွယ်မယဉ်ကျေး။ အသက် ရှစ်နှစ်ထဲရောက်မှ ကျောင်းစနေသည့်အခါ၌ပင် ဘုန်းကြီးကို ဘုန်းကြီးစကားဖြင့် မလျှောက်တတ်။ အမူအရာလည်းကြမ်း၏။ အလိုက်လည်းမသိ၊ ညစ်လည်းညစ်ပတ်သည်။ ကိုယ့်စည်းကမ်းဟူ၍လည်း တစ်ခုမျှမရှိ။ အသက် လေး၊ ငါး၊ ခြောက်နှစ်တိုင်အောင် ညအိပ်ရာတွင် သေးပါ၏။

မကွေးမြို့တွင် အပျိုပေါက်စ ခပ်ချောချော မိန်းကလေးရှိသော အသိအိမ်တွင် တည်းခိုကြသည်။ လူပျိုပေါက်စဖြစ်သော ကျွန်တော့်မှာ သူစိမ်းတစ်ရံဆံ အိမ်တွင်မနေတတ်၊ အထူးရှက်တတ်သည်။ မိန်းကလေးနှင့်ဆိုလျှင် သာ၍ပင်ရှက်တတ်သည်။ ထို့ကြောင့် ထိုည အိပ်ခါနီး ရှက်လွန်း၍ သေးမပေါက်မိ။ ညအိပ်သည့်အခါ မအောင့်နိုင်ဘဲ သေးပါလေသည်။ ကျွန်တော်လည်းပါပြီးမှ သိလေသည်။ ဤမျှ ကျွန်တော်သည် မသိမ်မွေ့။

သူကား နု၏။ မင်းသားကျချင်၏။ ကျွန်တော်ကား ကြမ်း၏။ သူသည် အစားအသောက်၊ အနေအထိုင်မှစ၍ သပ်ရပ်၏။ အစားဆိုလည်း အစားတိုင်းမစား။ စားသောက်နေသည့်အခါ အစာမြေကြီးပေါ်သို့ကျသွားလျှင် သူသည် မစားတော့။ ကျွန်တော်ကား ဖုတ်ဘက်ခါ၍ စားနိုင်လျှင် စား၏။ သူကား အဝတ်များကို သပ်သပ်ရပ်ရပ်ဝတ်တတ်၏။ ကျွန်တော်ကား မဝတ်တတ်။ မြန်မြန်ညစ်အောင် ဝတ်တတ်၏။ သူသည်မြေကြီးကြမ်းများပေါ်တွင် မည်သည့်အခါမျှ တုံးလုံးမလှဲ၊ ကျွန်တော်ကား ကြိမ်ဖန်များစွာလှဲဖူး၏။ သူကား ပါး၏၊ လှ၏။ ကျွန်တော်ကား ထူ၏၊ အေး၏။

**ဆိုင်းတီးအလွန်ဝါသနာပါ**

ငယ်ငယ်တုန်းက အတီးအမှုတ်၊ အကအခုန်ဝါသနာအတော်ပါ၏။ အထူးသဖြင့် ဆိုင်းတီးအလွန်ဝါသနာပါသည်။ စားပွဲဖြစ်စေ ခေါက်စရာတွေ့လျှင် လက်နှင့် အမြဲခေါက်လေ့ရှိရာ ကျွန်တော်၏လက်မှာ ယနေ့တိုင် အချိန်မှန်မှန် လက်ရေကွာကျလေသည်။ သို့သော် ကျွန်တော်အနည်းငယ်ကြီးပြင်းလာသည်နှင့် လူကြီးမိဘများက အတီးအမှုတ်ဝါသနာကို ခွင့်မပြု။ နဂိုမဟုတ်၍လားမသိ။ ယခု ဤစိတ်မျိုး ပျောက်ပျက်သလောက်ရှိခဲ့ပြီ။

ညီအစ်ကိုမောင်နှမများထဲတွင် ကျွန်တော် အငယ်ဆုံးဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အိမ် စံချိန်နှင့်ကြည့်လျှင် ကျွန်တော်အလိုလိုက်အခံရဆုံးဖြစ်၏။ အဆိုးဆုံးဟုလည်း အိမ်နီးနားချင်းပါမက ရွာနီးနားချင်းပါအသိအမှတ်ပြုခံရ၏။ ကျွန်တော်ငယ်ငယ်တုန်းက တော်တော်နှင့်စကားမပြောတတ်။ လူကြီးမိဘများမှာ အများပင်(အ)နေပလားဟု စိုးရိမ်ခဲ့ရသည်ဟုသိရလေသည်။ အနာအဖျားထူသည်၊ အစားကြူးသည်၊ အမဲသား၊ ငါးကို အလွန်ကြိုက်သည်။ ကျွန်တော်၏ မိခင် ဈေးသွားဝယ်ရာ ရံဖန်ရံခါ ကျွန်တော့်ကို ချီ၍သွားလေသည်။ တစ်ခါသော် အမဲသားစိမ်းကို အတင်းလု၍စားမည်ပြုသည်ဟု ကျွန်တော်ကြားသိရပေသည်။ လူရိုင်းဘဝက ကျွန်တော်လာသလားမသိ။

**ကြမ်းတမ်းသောကစားနည်းမျိုးကိုမှ နှစ်သက်**

ကျွန်တော်သည် ငယ်စဉ်က ချောင်တစ်ချောင်ကပ်၍ မှိုင်တွေကာ စဉ်းစား၍နေသော်လည်း နေတတ်သည်။ ကလေးနှင့်မလိုက်၊ အများအားဖြင့် ဣန္ဒြေကြီးသည်။ ကစားခုန်စား များစွာမလေ့ကျင့်။ သို့သော် ကစားသည့်အခါ ကြမ်းတမ်းသည်။ ကြမ်းတမ်းသောကစားနည်းမျိုးကိုမှ နှစ်သက်သည်။ တွတ်ထိုးခြင်း၊ ကျည်းသားရိုက်ခြင်းစသည်တို့ကို ဝါသနာပါသည်။ ခြင်းလုံးခတ်ခြင်းကိုမကြိုက်။ ရွရွလုပ်ရသောအလုပ်ဆိုလျှင် ကျွန်တော်နှင့်မဖြစ်။ အချုပ်ဆိုလျှင် ကျွန်တော်၏ ကလေးဘဝမှာ ချီးမွမ်းစရာအလွန်နည်း၏။

ကျွန်တော်တို့၏ မိဘကား ပစ္စည်းဥစ္စာအတော်အတန်ရှိ၍ ကြွေးရှင်၊ မြေရှင်ဖြစ်ရာ ဆင်းရဲသားအများအပြားနှင့် ဆက်ဆံရလေသည်။ ကျွန်တော်တို့၏မိခင်မှာ ခနရှင် ကလေးအတန်းအစားထဲတွင် သမာသမတ်ရှိ၍ စိတ်ကောင်းရှိလေသည်။ သို့ပင်ဖြစ်သော်လည်း ရံဖန်ရံခါ ဆင်းရဲသားများက ကြွေးများမဆပ်နိုင်၍ ကြိမ်းမောင်းသောအခါ ကျွန်တော် အထူးပင် စိတ်မကောင်းဖြစ်မိသည်။ ထိုအခါက ကျွန်တော်ကား ငွေတိုးကြီးစနစ်၏ ဆိုးရွားပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပေသည်။

**ဒိုးတူပေါင်ဖက် ကူညီမှု**

ကျွန်တော်၏ဖခင်သည် ကျွန်တော်နှင့်အမူအရာမှာ အတော်ဆင်သည်။ တစ်နေ့နေ၍ စကားတစ်ခွန်းမပြော၊ မျက်နှာထားဆိုး၏။ ဆိုးသည့်အထဲ ကျောက်ပေါက်မာများလည်းရှိသည်။ လောကွတ်မရှိ၊ ဟန်မရှိ၊ ဘာသိဘာသာ နေတတ်၏။ အကိုင်အတွယ်၊ အသွားအလာ၊ အမူအရာ ကြမ်း၏။ ငြင်းမိလျှင် လျှော့မပေးတတ်။ သို့သော် နှလုံးကား အထူးဖြောင့်စင်း၏။ စကားတည်၏။ အပိုမပြော။ ထို့ကြောင့် ရှေ့နေစာမေးပွဲဝင်ထားသော်လည်း ရှေ့နေလိုက်၍ စားသည်ကို ကျွန်တော်တို့မမှတ်မိ။ ယာလုပ်၊ ကုန်ကူး၊ ငွေချေး၍သာ စီးပွားဖြစ်သည်။ စီးပွားဖြစ်ခြင်းမှာလည်း ကျွန်တော်တို့မိခင်၏ ဒိုးတူပေါင်ဖက် ကူညီမှုကြောင့်ပင်ဖြစ်လေသည်။

**ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားသူ**

ကျွန်တော်ကား ကြွားရမည်ဆိုလျှင် ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားသူ ဖြစ်သည်။ ကျွန်တော်တို့ဘေးမှာ နတ်မောက်မြို့သူကြီးဖြစ်လေသည်။ စာတတ်သည်၊ ဉာဏ်ထက်သည်၊ လက်မြောက်သည်၊ စိတ်ထက်သည်ဟူ၍ ကြားနာဖူးသည်။ နာမည်ကျော် ဦးမင်းရောင်(ဗိုလ်လရောင်)မှာ ကျွန်တော်တို့ ဘေးကတော်၏ တူတော်သည်။ ဦးမင်းရောင်ကား လက်ရုံးအားကိုးဖြစ်သည်။ အမိုက်ဆုံးသူများကို တပည့်လုပ်ထားသည်။ ၎င်း၏တပည့်တစ်ယောက် (နာမည်ကား မမှတ်မိ) သည်ဇာတ်ပွဲများတွင် လူပြက်ပြက်သည့်အခါ အများရယ်တုန်း မရယ်၊ အများရယ်ပြီးမှ တစ်ယောက်တည်း ကျယ်လောင်စွာ အကြာကြီးရယ်တတ်သည်ဟုသိရသည်။ ဤသို့ အရွဲ့တိုက်ရယ်သည်ကို ဗိုလ်လရောင်တွေ့၍ အားရကာ ဆုချလေတော့သည်။

တစ်ခါလည်း ၎င်း၏တပည့်နှင့် ၎င်း၏ညီ သုံးမြို့ဝန် ဦးမင်းမောင်၏တပည့်တို့သည် ၎င်းတို့၏ဘွားအေ မယ်တော်ပျံတွင် လက်ဝှေ့ထိုးကြသည်။

ဦးမင်းရောင်၏ တပည့်ရှုံးသည်။ ညီဖြစ်သူ ဦးမင်းမောင်က သူ၏တပည့်နိုင်သဖြင့် ပဝါတစ်ပိုင်း ဆုချလေသည်။ ထိုအခါ ဗိုလ်လရောင်က မခံချင်၍ မိမိတပည့်ကို ရှုံးလျက်နှင့်ပင် ပုဆိုးတစ်ထည်ဆုချလေသည်။ တစ်ခါလည်း ကြက်သားစားလို၍ ညီဦးမင်းမောင်အား ကြက်အသတ်ခိုင်းလေသည်။ ဦးမင်းမောင်ကား ဗိုလ်လရောင်နှင့် မတူ လူပျော့ဖြစ်လေသည်။ စောင်းတီး၊ သီချင်းဆိုတော်သည်။ စကားပြောချိုသာသည်။ အထက်လူကြီးများ၏ အချစ်တော်ဟု သိရသည်။ ဦးမင်းမောင် ကြက်မသတ်နိုင်။ ထို့ကြောင့် ဗိုလ်လရောင်က သူကိုယ်တိုင်သတ်၍ ချက်စားလေသည်။ ပိုသည့်ဟင်းကို ညီအားမကျွေးဘဲ ခွေးကျွေးပစ်သောဟူ၏။ ဤကား ကျွန်တော်၏ အမျိုးအနွယ်သိသမျှပင်တည်း။

**လူ့ပြည်သို့ ပထမဆုံးရောက်ရှိ**

အချိန်ကား ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလဖြစ်၍ ပထမကမ္ဘာစစ်ကြီး၏ ဒုတိယနှစ်ထဲပင် ဖြစ်ပေသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်(၁၂၇၆ ခုနှစ် တပေါင်း လဆန်း ၁ ရက် စနေနေ့) လင်းအားကြီးအချိန်တွင် ကျွန်တော်သည် လူ့ပြည်သို့ ပထမဆုံးရောက်ရှိလာပေ သည်။

**အောင်ဆန်းဟု နာမည်တွင်**

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကား နာမည်ကျော် နက္ခတ်ဗေဒင်ဆရာကြီးကိုင်ရို၏ ဟောပြောချက်အရဆိုလျှင် တိုင်းပြည်တစ်ပြည်၏အစိုးရနန်းတို့ကို ဖြိုဖျက်နိုင်စွမ်းသောသူများ မွေးတတ်သောနေ့ဟုပြောထားလေသည်။ ထိုနေ့တွင်မွေးသော ကျွန်တော်မှာ သူပုန်လောင်းကလေးဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြား မထင်ခဲ့ကြပေ။ ကျွန်တော်၏ ဇာတာနာမည်မှာ ထိန်လင်းဖြစ်လေသည်။ သို့သော် ကျွန်တော့်အထက် အစ်ကို ကိုအောင်သန်းနှင့် နာမည်လိုက်အောင် အောင်ဆန်းဟု နာမည်တွင်လေသည်။

စာဖတ်သူအနေဖြင့် အထက်တွင်ဖော်ပြခဲ့သမျှသော အကြောင်းအရာတို့ကို စကားချီးမခံဘဲ ဖော်ပြခဲ့သည်ဖြစ်၍ အစနှင့်အလယ်လောက်တွင် ဖတ်ရင်းနှင့် ဇဝေဇဝါဖြစ်နေ လိမ့်မည်ထင်ပါသည်။ ထိုသို့ဇဝေဇဝါဖြစ်ရင်းနှင့်ပင် အကြောင်းအရာနှင့် အရေးအသားတို့တွင် နှစ်မြောနေလိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။ သို့ရာတွင် ဖော်ပြချက် အဆုံးပိုဒ်များသို့ရောက်လာချိန်တွင်မှ မည်သူမည်ဝါ၏အကြောင်း၊ မည်သူကရေးသည်တို့ကို သဲကွဲစွာသိမြင်နိုင် မည်ဖြစ်ပါသည်။

**ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသား**

ထိုအကြောင်းအရာနှင့် အရေးအသားတို့မှာ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ခေတ်စစ်ဝန်ကြီးဘဝတွင် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို သူကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်သည် သူ၏အတ္ထုပ္ပတ္တိကို အခန်း(၁)တွင် သူ့ဇာတိအကြောင်းနှင့် အခန်း(၂)တွင် ကျောင်းသားဘဝအကြောင်းဟူ၍ အခန်းနှစ်ခန်းသာ ရေးသားနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ဤသည်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တည်းဖြတ်၍ "ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ" စာအုပ်တွင် ပုံနှိပ်ဖော်ပြခဲ့ပါသည်။ စာရေးသူဖော်ပြခဲ့သည်များမှာ အခန်း(၁)တွင်ဖော်ပြထားသည့် ဇာတိအကြောင်းအရာထဲမှ စာပိုဒ်အချို့ကို အစီအစဉ်တကျမဟုတ်သော်လည်း မူရင်းရိုက်နှိပ်ထားသည့်အတိုင်း ပုဒ်ထီး၊ ပုဒ်မကအစ ၏၊ သည်၊ ၍မလွဲ ကူးယူဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

**လက်ဆင့်ကမ်း မျှဝေပေးလို**

ဤသို့ကူးယူဖော်ပြရခြင်းမှာလည်း အကြောင်းရှိပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာ၊ နိုင်ငံရေးသုခမိန်နှင့် တပ်မတော်၏ ဖခင်ကြီးဖြစ်သည်နှင့်အညီ ဗိုလ်ချုပ်အကြောင်းနှင့်သက်ဆိုင်သည့် စာအုပ်၊ စာစောင်၊ မှတ်တမ်းတို့ကို အမြောက်အမြားရေးသားပြုစုထားရှိကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။ သို့ရာတွင် ဤသို့ ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားခဲ့သည့် ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ နိုင်ငံသားအများစုနှင့် ကင်းကွာနေလိမ့်ဦးမည်ဟု ယူဆပါသည်။ ထို့အပြင် လူတစ်ဦး၏ဘဝဖြစ်စဉ်တွင် ကလေးဘဝသည် အရိုးသားဆုံး၊ ချစ်စဖွယ်အကောင်းဆုံးအသွင်သဏ္ဌာန်နှင့် အတွင်းသရုပ်တို့ စုဝေးရာဌာနဟု ထင်မြင်မိသည်လည်း ပါပေသည်။ သို့ဖြစ်၍ နိုင်ငံသားများအနေဖြင့် ဗိုလ်ချုပ်ကိုယ်တိုင် ရေးသားခဲ့သည့် အကြောင်းအရာနှင့် သူ၏အနုပညာစွမ်းရည်တို့ကို လေ့လာသိရှိဂုဏ်ယူနိုင်ကြစေရန်အတွက် လက်ဆင့်ကမ်း မျှဝေပေးလိုသည့် ရည်ရွယ်ရင်းသာ ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့

## တကယ်ချစ်ရင်ဖြင့်

❍ နှစ်တစ်ရာ ကျော်ကာသွားသော်လည်း
ပစ်မကွာ ရင်မှာမမေ့ပါဘူး
နှစ်တွေကြာ တကယ်ပင်ရွှေ့စေဦး
အသစ်သာ အခါခါဖြစ်ပါပေ့ ..။

❍ အဖြစ်မှာ အသေချာတွေးရင်ဖြင့်
တစ်ခေတ်မှာ နွံနစ်
ကျွန်ဖြစ်တဲ့ ပြည်မြန်မာကို
ကယ်တင်ကာပေး လွတ်လပ်ရေးဗိသုကာ
တည်ကြည်စွာ အပိုမလုပ်
အာဇာနည်အဟုတ်
တို့ ဗိုလ်ချုပ်အောင်ဆန်း..။

❍ လျှမ်းလျှမ်းတောက် ထင်ပေါ်
ဇာနည်နော် တစ်ကောင်ဘွား
တို့မြန်ပြည်သား..။

❍ ဩော်...
ဗိုလ်ချုပ်ကို တကယ်ချစ်ရင်ဖြင့်
အပျော်အပါး အမော်အကြွားတွေဖယ်ထား
စိတ်ထားလည်းရင့်သန်
အကြံအဖန်တွေဖြုတ်
အမှန်အကန်တွေလုပ်
လက်တွဲလည်း မဖြုတ်နဲ့
ဗိုလ်ချုပ်စိတ်ထားအလေးထား
သွေးစည်းလို့ထား..။

❍ သူ့စကားနားထောင်
တိုင်းရင်းသား နိုင်ငံသား
ပါတီစုံ ပြည်သူ ပြည်သား အကုန်လက်တွဲ
အနောက်လည်းမလှည့်နဲ့
အရှေ့ကိုသာ ဆက်လျှောက်
ဒီမိုကရေစီပန်းတိုင်အရောက်..။

( ၁၀၄ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကို ဂုဏ်ပြုလျက်..)

**သူဇာနွယ်(ဖျာပုံ)**

# ဗိုလ်ချုပ်စကား၊ ဗိုလ်ချုပ်စိတ်ထား

## တင့်ခိုင်

(၁)

လူတစ်ဦး၏ စကားသည်ပင် ထိုသူ၏သဘောထားဟုဆိုပါလျှင် ကျွန်တော်တို့၏ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့်စကားများသည်ပင် သူ၏သဘောထားဖြစ်ပါလိမ့်မည်။

(၂)

"ပြည်သူတွေဆိုတာ မြန်မာပြည်မှာ တိုင်းသူပြည်သားအများနဲ့ အကျိုးတူလုပ်မယ်၊ ကိုင်မယ်၊ နေမယ်၊ ထိုင်မယ်ဆိုတဲ့ တိုင်းရင်းသားတွေ၊ အိန္ဒိယ၊ တရုတ်၊ အင်္ဂလိပ်ကပြားနဲ့ ဥရောပတိုက်သားများတောင်ပါတယ်"

(ဖဆပလ ပဏာမညီလာခံ မိန့်ခွန်းမှ)

'ပြည်သူ' ဟူသောစကားရပ်ကို ဗိုလ်ချုပ်က အထက်ပါအတိုင်း ဖွင့်ဆိုခဲ့သည်။ နိုင်ငံကို အုပ်ချုပ်သည့် အစိုးရသည် "ပြည်သူ့အား" ကို ယုံကြည်ရမည်။ အာဏာရလာသည်နှင့် ထင်ရာစိုင်းသည့်အခါ ပဉ္စမ မဏ္ဍိုင်ဖြစ်သည့် 'ပြည်သူ'ကပင် အစိုးရကို ထိန်းကျောင်းကြရသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အလယ်ပစ္စယံညီလာခံမိန့်ခွန်းတွင် ဤသို့ ပြောကြားခဲ့ပါ၏။

"ငြိမ်းချမ်းသောနည်းဖြင့် ကျွန်ုပ်တို့လူမျိုး၏ ကံကြမ္မာကို မဖန်တီးနိုင်လျှင် ကျွန်ုပ်တို့သည် နည်းလမ်းသစ်ထွင်၍ ကျွန်ုပ်တို့၏ တန်ခိုးအာဏာဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို ရယူရန် စိုင်းပြင်းမည်။ နည်းသစ်ဟုဆိုရာတွင် စင်ပြိုင်အစိုးရထူထောင်ခြင်းကို ဆိုလိုသည်မဟုတ်။ ၎င်းစင်ပြိုင်အစိုးရတည်ထောင်ခြင်းထက်လည်းကောင်း၊ အဏုမြူဗုံးထက်လည်းကောင်း အင်အားရှိသော ကျွန်ုပ်တို့လူထုအားကို ကျနသေချာစွာ စည်းရုံး၍ အသုံးပြုမည်ဟု ဆိုလိုသည်။ ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားမျှ ဆန့်ကျင်နိုင်လိမ့်မည်မဟုတ်"

"ပြောတိုင်းရအောင် လုပ်တဲ့နည်းတွေရှိတယ်။
အဲဒါ ကျွန်တော်တို့ အင်အားရှိဖို့ပဲ"

ဗိုလ်ချုပ်စကားသည်ပင် ဗိုလ်ချုပ်၏ယုံကြည်မှု၊ ဗိုလ်ချုပ်၏သဘောထား အစစ်အမှန်ဖြစ်သည်။ ပိရမစ်ကို လူထုက တည်ဆောက်သည်။ မဟာတံတိုင်းကို လူထုက ဆောက်သည်။ ကရင်မလင်နန်းတော်ကို လူထုဆောက်သည်။ ဓမ္မရုံကို လူထုဆောက်သည်။ ဗိုလ်ချုပ်က လူထုအားကို ယုံသည်။ လူထုကို အခြေပြုသည်။ လူထုဆိုရာ၌ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးစလုံးကို ဆိုလိုခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကမူ လူမျိုးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။

"လူမျိုးဟူသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်သည်။"

ဗိုလ်ချုပ်သည် မိမိလူမျိုးမှ မိမိလူမျိုးဟူသော အမျိုးချစ်စိတ်၏ အန္တရာယ်ကို ဂျာမနီလူမျိုးတို့ ပျက်စီးပုံဖြင့် နှိုင်းယှဉ်ပြသည်။ ၁၉၄၄ ခုနှစ် မတ်လ ၁၁ ရက်နေ့ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌ ဗိုလ်ချုပ်က "လူမျိုးရေးတရားဆိုတာဘာလဲ" ဟူသည်ကို ရှင်းလင်းမိန့်ကြားခဲ့သည်။

"လူမျိုးရေးဆိုတာဘာလဲ၊ ကိုယ့်အမျိုးကိုသာချစ်ပြီး ဒီပြင်လူမျိုးတွေကို မုန်းတာဟာ လူမျိုးရေးတရားပဲလား။ မဟုတ်ဘူး။ ကိုယ့်အမျိုးချစ်ရုံနဲ့ ဒီပြင်လူမျိုးကိုလည်း မုန်းဖို့မလိုဘူး။ သို့သော်လည်း ကိုယ့်အမျိုးကို လာထိတဲ့ လူတွေကိုတော့ အတွင်းလူဖြစ်ဖြစ်၊ အပြင်လူဖြစ်ဖြစ် တိုက်ခိုက်နှိမ်နင်းရမှာပေါ့။ ဒါက ငါတို့အမျိုးရဲ့ရန်သူအဖြစ်ဖြင့်သာ နှိမ်နင်းခြင်းဖြစ်ပါတယ်။ ဘယ်လူမျိုး ဘယ်သူဘယ်ဝါဆိုပြီး နှိမ်နင်းတာမဟုတ်ဘူး။"

ဗိုလ်ချုပ်က တိုင်းရင်းသားလူမျိုး အချင်းချင်း ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း ခွဲခြားစရာမလို။ လူမျိုးတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သီးခြားလုပ်ပိုင်ခွင့်ရှိပြီး တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်သော ကိစ္စများတွင် ညီညီညွတ်ညွတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောဆိုသွားခဲ့သည်။

ဗိုလ်ချုပ်တွင် လူမျိုးဘာသာ ခွဲခြားမှုမရှိပါ။ ဘာသာရေးကို နိုင်ငံရေးအလို့ငှာ အသုံးချခြင်းမျိုးကိုလည်း ဗိုလ်ချုပ်သည် ဘယ်တုန်းကမှ မလုပ်ခဲ့ပါ။ သို့ဖြစ်၍လည်း သူ၏ သဘောထားကို အလယ်ပစ္စယံညီလာခံ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

"....နိုင်ငံရေးကို ဘာသာရေးတရားဖြစ်သကဲ့သို့ ပြောဆိုကြသူများမှာ ယုတ်မာညစ်ထည်းသော နိုင်ငံရေးသမားပင်လျှင် ဖြစ်ပေ၏။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လီဆယ်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏ စိတ်ကို ရှုပ်ထွေးစေ၍ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် ပြုလုပ်ခြင်းမျှသာ ဖြစ်ပေ၏။ အမှန်မှာ ထိုသူတို့ ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်။ မိမိတို့ အကောက်ဉာဏ်ကို သုံး၍ မိမိတို့ ကြီးပွားရေး၊ တစ်နပ်စားနိုင်ငံရေးပင်ဖြစ်သည်။ ... ဘာသာတရားသည် ကျွန်ုပ်တို့ လူမှုကို ရှုပ်ထွေးစေသည်မဟုတ်။ ဘာသာတရားကို မှီ၍ အသက်မွေးကြကုန်သော သူတို့သာလျှင် ရှုပ်ထွေးကြ၏။

ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်ခေါင်းဆောင်မျိုးရှိဖူးပါသလား။ ဗိုလ်ချုပ်တွင် မနာလိုစိတ်မရှိ။ မုန်းစိတ်မထား။ ဂိုဏ်းဂဏစိတ်မရှိ။ အလွန်ရိုးဖြောင့်သူဖြစ်သည်။ ပြည်သူ့ဘဏ္ဍာကို တစ်ပြားတစ်ချပ်မခိုး။ ဝတ်စုံလေးစုံနှင့် နေသည်။ ကုန်းကြောင်းလျှောက်သည်။ စက်ဘီးမစီးတတ်။ မတတ်သည်ကို မတတ်ဟု မရှက်မကြောက်ပြောသည်။ ငါးမူးတန်းမှ ရုပ်ရှင်ကြည့်သည်။ တာဝန်ထမ်းဆောင်သော ရဲဘော်ကို ဗျူရိုကရက် တစ်ယောက်ကဲ့သို့ မမန်မမဲ ချီးကျူးသည်။ ပြောလျှင် အများကြီးရှိပါသေး၏။

အခုမျှလောက်နှင့်ပင် ခေါင်းဆောင်လုပ်ချင်နေသူများ စဉ်းစားရန် လိုပါ၏။ မိမိ၏ အရည်အချင်း၊ မိမိ၏ စိတ်ဓာတ်ကို မိမိတို့ ဘဝဖြတ်သန်းမှုများထဲမှ ပြန်လည်စစ်ဆေးပြီး အမှန်အတိုင်း သိရှိထားရန် လိုပါသည်။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ ကတိစကားကို အလေးအနက်ထားပြီး မဖြစ်ဖြစ်အောင် လုပ်တတ်သော ဗိုလ်ချုပ်အောင်ဆန်းကို သူနှင့်အတူ ဂျပန်များကို ပူးတွဲတိုက်ခဲ့သော ဗိုလ်ချုပ်စလင်းက ယခုကဲ့သို့ မှတ်ချက်ပေးခဲ့ပါ၏။

"အောင်ဆန်းကို ကျွန်ုပ်အထင် အကြီးဆုံးအချက်မှာ သူ၏ရိုးသားမှုဖြစ်သည်။ သူတစ်ဦးတည်း ဆုံးဖြတ်ဖို့နှင့် အာမခံဖို့ မဖြစ်နိုင်သော်လည်း တစ်ခုခုလုပ်ဖို့ သဘောတူပြီးပြီဆိုလျှင် ကတိအတိုင်းလုပ်မည့်သူဖြစ်သည်"တဲ့။

ကဲ- လူကြီးမင်းတို့၌ ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ထားမျိုးရှိပါသလား။ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးရန်တော့ လိုနေပြီ။

***စာကိုး***- *မောင်ပုဆိုးကြမ်း၏ ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များ*

## သူ့လိုလူ

❖ အပြောနှင့်ညီ၊ ကတိတည်၍
တည်ကြည်ရိုးသား၊ မြတ်စိတ်ထားနှင့်
မထားကိုယ်ကျိုး၊ မမျှော်ကိုးသည့်
ဘမျိုး ဘိုးတူ၊ အာဂလူတည့်
ကိုယ့်လူမျိုး ကိုယ့်ဘာသာ
ကိုယ့်အချုပ်အခြာတွက်
ကျရာတာဝန်၊ ထမ်းကျေပွန်အောင်
အားသွန်ကြိုးပမ်း လုပ်ဆောင်သူ..။

❖ စစ်မှန်လေးနက်၊ ခံယူချက်ဖြင့်
ပြည့်တွက်ခွန်အား၊ ပြည့်အင်အားဟု
သွေးသားချင်းချင်း၊ စည်းလုံးခြင်းကို
ဖန်ဆင်းပုံဖော် ပေးခဲ့သူ ...။

❖ သူ့ကျွန်အဖြစ်၊ နွံနစ်မခံ
ဇာတိမာန်ဖြင့်
ပြန်လည်ဆောင်မြန်း၊ လွတ်လပ်ပန်းကို
တင့်ဆန်းဝေဆာ စေခဲ့သူ..။

❖ ငယ်ပင်ငယ်လည်း၊ ရင် အသည်း၌
ရဲမာန်ဟုန်ပြင်း၊ တုနှိုင်းကင်းစွာ
အပ်နှင်းအသက်၊ တိုင်းပြည်တွက်ဟု
ငဲ့ကွက်မရှုံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား ခဲ့သောသူ...။

❖ သြော်..သူ့လိုလူစား၊ ရှာမှရှားတည့်
သားကောင်း တစ်ယောက်၊ ကျောက်ကောင်း တစ်စေ့
တော်ပေ့ လူမော်၊ ကျော်ပေ့ စွမ်းရည်
အလီလီသည်
ဝင့်ထည် ရှန်းလက်၊ သမိုင်းထက်ဝယ်
ဆက်လက်ရှင်သန် နေသည်တကား။

(မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့သို့ ဂုဏ်ပြုလျက်)

မျိုးမြတ်မြတ်မြင့်မောင်

(ငြိမ်းချမ်းသော မြန်မာသစ် ကဗျာများမှ ပြန်လည်ဖော်ပြပါသည်။)



ဗိုလ်ချုပ်အောင်ဆန်း ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းအဝတွင် တရားဟောပြောနေစဉ်။ ဓာတ်ပုံ-ဗိုလ်ချုပ်အောင်ဆန်းအထူးပြုပြတိုက်စာအုပ်မှ



ဗိုလ်ချုပ်အောင်ဆန်းနှင့် သားသမီးများ။

# ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသား၊ အမျိုးသမီး ခေါင်းအုံးရိုက်၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ လွန်ဆွဲနှင့် မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀)အပြေးပြိုင်ပွဲများ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာဦးပွားနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုရရှိသည့် အသင်းများအား ဆုများပေးအပ်ကြသည်။

**အခမဲ့လေ့ကျင့်နိုင်ရန် စီစဉ်ထား**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံးရှိ အားကစားကွင်းနှင့် ရုံများတွင် ပြည်သူများ လွတ်လပ်စွာအားကစားပြုလုပ်ခွင့် ခွင့်ပြုထားသည့်အပြင် နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ရေးအတွက် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံများ၊ အားကစားကွင်းများနှင့် GYM Fitness အားကစားခန်းမတို့၌ ဌာနအလိုက် သို့မဟုတ် တစ်ဦးချင်းအနေဖြင့် ဝန်ထမ်းကတ်ပြ၍ အခမဲ့ဝင်ရောက်လေ့ကျင့်နိုင်ရန် စီစဉ်ထားရှိပြီး အားကစားပြိုင်ပွဲများကို ယခုထက်ပိုမိုအရှိန်မြှင့်တင် ကျင်းပသွားမည့်အပြင် ဆုကြေးများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ နေအိမ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားကဏ္ဍ မြှင့်တင်နိုင်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များ(SME) ချေးငွေလွယ်ကူချောမွေ့စွာ ချေးယူနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရန်ကုန်မြို့၌ မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ အခမ်းအနားကို နောင်နှစ်များတွင်လည်း ကျင်းပနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များအား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က လက်ဖက်ရည်အချိုပွဲဖြင့် တည်ခင်းဧည့်ခံ၍ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်တွေမြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**
(၇၂)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် စစ်တွေမြို့ရှိ ဓညဝတီအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်စုနေ့အထိမ်းအမှတ် Myanmar Union Day Peace Run (၅)ကီလိုမီတာ အမျိုးသားအပြေးပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အားကစားသမားများအား ဆုများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်နှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများအား ဆုများပေးအပ်ကြသည်။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းတွင် စစ်တွေမြို့ရှိ ဓညဝတီအားကစားကွင်း၌ မြေပုံမြို့နယ် စုမ်းတူချင်း တိုင်းရင်းသားအဖွဲ့က ကောက်သစ်စားပွဲအက၊ မြောက်ဦးမြို့နယ် ခမီတိုင်းရင်းသားအဖွဲ့က စုပေါင်းယိမ်းအက၊ ပုဏ္ဏားကျွန်းမြို့နယ် မြိုတိုင်းရင်းသားအဖွဲ့က ဝိုင်းဝိုင်းပတ်အက၊ မောင်တောမြို့နယ် သက်တိုင်းရင်းသားအဖွဲ့က လူကြီးမင်းကိုဖိတ်ခေါ်ခြင်းအက၊ မင်းပြားမြို့နယ် ဒိုင်းနက်(သက္ကမ)တိုင်းရင်းသားအဖွဲ့က တစ်ပင်တိုင်အက၊ မင်းပြားမြို့နယ် မရမာကြီးတိုင်းရင်းသားအဖွဲ့က ဗုဒ္ဓပူဇာအက၊ အမ်းမြို့နယ် အရှိုချင်းတိုင်းရင်းသားအဖွဲ့က ဝါးညှပ်အက၊ မင်းပြားမြို့နယ် လေးတူချင်း တိုင်းရင်းသားအဖွဲ့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအကနှင့် စစ်တွေတက္ကသိုလ်မှ ရခိုင်တိုင်းရင်းသားအဖွဲ့က ဆီမီးခွက်အကများဖြင့် ကပြဖျော်ဖြေကြပြီး ဟာသလူရွှင်တော် ပန်းသီးပါဝင်သည့် ဇွဲအငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကပြဖျော်ဖြေကြသော တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဇွဲအငြိမ့်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**






# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်သို့ လာရောက်လေ့လာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ နေပြည်တော် လေ့လာရေးခရီးစဉ် (ပထမအကြိမ်)အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ အဖွဲ့ဝင် ၅၀ နှင့် ရခိုင်ပြည်နယ် စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ အဖွဲ့ဝင် ၅၀ စုစုပေါင်း လူဦးရေ ၁၀၀ ပါဝင်မည့် လေ့လာရေးအဖွဲ့များသည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ သွားရောက်မည်ဖြစ်သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် နေပြည်တော်ရေပန်းဥယျာဉ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဗုဒ္ဓဂယာ၊ မဟာသကျရံသီ၊ ဥပ္ပါတသန္တိစေတီတော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၊ ငလိုက်ဆည်ဆင်စခန်းနှင့် Junction Center တို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**လူမော်**

# ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းတို့က နေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ခွဲ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ရဲတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဖတ်ကြားစဉ်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သန့်စင်ဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မသန်စွမ်းသူများနှင့် မိသားစုဝင်များ စာပေနှင့် အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများနှင့် မိသားစုဝင်များ၏ စာပေနှင့် အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကို ရန်ကုန်မြောက်ပိုင်းခရိုင် မသန်စွမ်းသူများအသင်းအဖွဲ့များ စုပေါင်း၍ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် ၁၂ ရပ်ကွက် စံပယ်လမ်းရှိ ငြိမ်းအေးချမ်းသာဓမ္မာရုံ၌ စည်ကားစွာ ကျင်းပသည်။**(ယာပုံ)**



ပေါင်းစည်း လူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင် ဦးသိန်းဟန်သူက "အထိမ်းအမှတ်ပွဲအနေနဲ့ပြုလုပ်တဲ့ ပွဲတွေတော်တော်များများမှာ မသန်စွမ်းသူတွေအနေနဲ့ ကျန်ရစ်ခဲ့တာ များပါတယ်။ သူတို့ဟာ မေ့လျော့ခံ ဘဝနဲ့ ဖြစ်နေခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်မှာ လက်မှတ်ထိုးထားတဲ့ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်တယ်။ သက်ဆိုင်ရာ အခွင့်အရေးဥပဒေတွေလည်း ပြဋ္ဌာန်းပြီးသားဖြစ်တဲ့အတွက် အခမ်းအနားတွေမှာ မသန်စွမ်းတဲ့သူတွေ ပါဝင်နိုင်ဖို့ အခုလို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါအထိမ်းအမှတ်ပွဲကို ပေါင်းစည်း လူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၏ စည်းရုံးစီစဉ်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ဖွဲ့စည်းထူထောင်ထားသည့် ကိုယ့်အားကိုယ်ကိုး မသန်စွမ်းသူအဖွဲ့ ၁၂ ဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ထိုသို့ ကျင်းပရာတွင် စာပေပြိုင်ပွဲများဖြစ်သော စာစီစာကုံးပြိုင်ပွဲ၊ ကဗျာအရေးပြိုင်ပွဲ၊ ဆေးခြယ်ပြိုင်ပွဲများကို ငြိမ်းအေးချမ်းသာဓမ္မာရုံ၏ အနောက်ဘက်ရွှေနဂါးဇရပ်တွင် လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲကို ငြိမ်းအေးချမ်းသာဓမ္မာရုံတွင် လည်းကောင်း၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲကစားနည်းဖြစ်သည့် လွန်ဆွဲ၊ အပြေး၊ မုန့်စား၊ ပူဖောင်းဖောက်၊ ထုပ်ဆီးတိုး၊ ဆန်ကောရွှက်စသည့် ပြိုင်ပွဲများကို အာနန္ဒာဗောဓိ ပရဝဏ်တွင် လည်းကောင်း စည်ကားစွာကျင်းပပြီး တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသူ ရွှေပြည်သာမြို့နယ်မှ မဆုဝေဖြိုးက "အရင်တုန်းကလည်း ပြိုင်ပွဲတွေ ဝင်ခဲ့ပါတယ်။ ဆုတော့မရခဲ့ပါဘူး။ ဒါဟာ ပထမဆုံးအကြိမ်ဆုရရှိတာပါ။ အခုလိုပွဲတွေ လုပ်ပေးတဲ့အတွက် မသန်စွမ်းသူတွေမှာ အင်အားတွေ အများကြီးဖြစ်ပါတယ်။ ယုံကြည်မှုတွေလည်း ပိုပြီးရှိလာတယ်"ဟု ပြောသည်။

ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်းက "ခေတ်အဆက်ဆက် လူ့အသိုင်းအဝိုင်းမှာ မသန်စွမ်းတွေဟာ နည်းအမျိုးမျိုးနဲ့ လူ့အသိုင်းအဝိုင်းရဲ့အပြင်ဘက်ကို ရောက်သွားတယ်။ ဒါမျိုးပွဲတွေ ရှိခြင်းအားဖြင့် ကျွန်တော်တို့ မသန်စွမ်းတွေရဲ့ စိတ်ဓာတ်ခွန်အားတွေ ပိုပြီးတော့ လန်းဆန်းစေတယ်။ ပိုပြီးတော့လည်း တက်ကြွစေတယ်။ ဒီနေ့လိုပွဲမျိုးကို ကြိုဆိုပါတယ်"ဟု ပြောသည်။

အထိမ်းအမှတ်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်းမှ မသန်စွမ်းသူများနှင့် မိသားစုဝင် ၄၅၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

မသန်စွမ်းကလေးများသည် အခြားသော ကလေးများနည်းတူ ရပ်ရွာအတွင်း လှုပ်ရှားမှုများ အပါအဝင် ကစားခြင်း၊ အပန်းဖြေခြင်း၊ အားလပ်ခြင်းနှင့် အားကစားဆောင်ရွက်ခြင်းစသည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်မှု သေချာစေရေး ဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူများသည် အပန်းဖြေခြင်း၊ ခရီးသွားခြင်း၊ အားလပ်ခြင်း၊ အားကစား ဆောင်ရွက်ခြင်းစသည့် အဖွဲ့အစည်းများနှင့် ပတ်သက်သော ဝန်ထမ်းများနှင့် အလွယ်တကူ တွေ့ဆုံဆက်ဆံနိုင်ခွင့် သေချာစေရေး၊ မသန်စွမ်းသူဖြစ်ခြင်းကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုခြင်းအားလုံးကို တားမြစ်ပိတ်ပင်ရန်နှင့် တန်းတူညီမျှမှုကို မြှင့်တင်ရန် ဆောင်ရွက်ပေးရေးတို့ လိုအပ်နေကြောင်း၊ အစိုးရနှင့် ရပ်ရွာ အသိုင်းအဝိုင်းသို့ အသိပေးနိုင်ရန်တို့အပြင် ဤလှုပ်ရှားမှုတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်အကောင်အထည်ဖော်ခြင်း၊ ယှဉ်ပြိုင်ခြင်းတို့ဖြင့် မသန်စွမ်းသူများ မိမိကိုယ်ကို ယုံကြည်မှုများ တိုးတက်ရရှိစေရန်နှင့် ပျော်ရွှင်အပန်းပြေစေရန် ရည်ရွယ်၍ ယင်းကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၄ သန်းခေါင်စာရင်းအရ ၂ ဒသမ ၃ သန်းကျော်မှာ မသန်စွမ်းသူများဖြစ်ကြောင်း၊ ယင်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မသန်စွမ်းသူ ၂၅၀၄၄၁ ဦးရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ၈၃၄၅၂ ဦး၊ အရှေ့ပိုင်းခရိုင်တွင် ၈၀၈၅၉ ဦး၊ တောင်ပိုင်းခရိုင်တွင် ၅၇၃၀၃ ဦး၊ အနောက်ပိုင်းခရိုင်တွင် ၂၈၈၂၇ ဦး ရှိကြောင်း ယနေ့ အခမ်းအနားမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**

စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်အောင်ဆန်းသည် စာရေး၊ စာဖတ် အလွန်ဝါသနာပါသလို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာစလုံးတွင် အရေးရော၊ အပြောပါ ကျွမ်းကျင်နိုင်နင်းသူ ဖြစ်ပေသည်။ သူရေးသားခဲ့သည့် မြန်မာ၊ အင်္ဂလိပ်စာပေလက်ရာများကို ထိုခေတ် ထိုအခါက ထုတ်ဝေသည့် ဂန္ထလောကမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ မျိုးညွန့်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ နဂါးနီစာစောင်နှင့် မန္တလေးသူရိယစာစောင်တို့တွင် ဖော်ပြခဲ့ကြောင်း သိရပေသည်။ ထို့အပြင် စာအုပ်၊ ဂျာနယ်နှင့် စာစောင်တို့တွင်လည်း ဥယျောဇဉ်၊ သဝဏ်လွှာ၊ မိတ်ဆက်စာတို့ကိုလည်း ရေးသားပေးခဲ့ပေသည်။

ဗိုလ်ချုပ်၏ ပထမဦးဆုံးကလောင်အမည်များမှာ "ပဲခူးကဝေ"ဖြစ်ပြီး ထိုအမည်ဖြင့် ဘာသာပြန်စာပေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိခဲ့ပါသည်။ ဆောင်းပါးများကို "အညာသားလေး" "အောင်ဆန်း" "သခင်အောင်ဆန်း"နှင့် "ဗိုလ်ချုပ်အောင်ဆန်း" ကလောင်အမည်တို့ဖြင့် ရေးသားခဲ့ပေသည်။ သူသည် စာပေနှင့်ပတ်သက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေးမှ အနားယူကာ စာရေးသည့်အလုပ်ကိုသာ ဇောက်ချလုပ်ကိုင်ရန် ဆုံးဖြတ်ထားသူဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် စာရေးသူအနေဖြင့် လွတ်လပ်ရေး၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို စာပေသမားတစ်ယောက်အသွင်သာ မြင်တွေ့ရသည့် ရှုထောင့်မှ တင်ပြခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်ရေးသားခဲ့သည့် စာများမှာ မြန်မာနိုင်ငံလွတ်လပ်ရေး၊ တိုင်းရင်းသား ပြည်သူများ စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ကြီးပွားတိုးတက်ရေးတို့ကိုသာ ဦးတည်ခဲ့ခြင်းဖြစ်၍ မိမိ၏ရှုထောင့်အမြင်သည်လည်း ကျဉ်းလှသည်ဟုကား မဆိုသာပါပေ။ သို့ဖြစ်၍ ဗိုလ်ချုပ်ဦးတည်ခဲ့သည့် အချက်သုံးချက်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်းတို့ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ရေးသားတိုက်တွန်းလိုက်ရပေသည်။ ။

# မြန်မာနိုင်ငံသစ်တောကျောင်း ပြင်ဦးလွင်မြို့ အခြေခံသစ်တောပညာ အထူး(၃)လသင်တန်းဆင်းပွဲ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး စန္ဒကူးခန်းမ၌ သစ်တောဦးစီးဌာနမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ အလှည့်ကျပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

**အဖွင့်အမှာစကားပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမတွင် ကျင်းပသည့် မြန်မာနိုင်ငံသစ်တောကျောင်း ပြင်ဦးလွင်မြို့ ၂၀၁၈ - ၂၀၁၉ ခုနှစ် အခြေခံသစ်တောပညာ အထူး(၃)လသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကိုလည်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းတွင် အခြေအနေ၊ အချိန်အခါနှင့် လိုအပ်ချက်များအရ နှစ်နှစ်သင်တန်း၊ တစ်နှစ်ခွဲသင်တန်း၊ ကိုးလသင်တန်း စသည်ဖြင့် သင်တန်းကာလများ ပြောင်းလဲဖွင့်လှစ်ခဲ့ရာမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် သင်တန်းဆင်းသည့် အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၃)အထိ သင်တန်းသားဦးရေ စုစုပေါင်း ၆၁၃၀ မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းအသီးသီးကို တက်ရောက်အောင်မြင်ခဲ့သည့် သင်တန်းသားများသည် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းစသည့် လုပ်ငန်းဌာနများ၏ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ အဓိကကျောရိုးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြပါကြောင်း။

**တက်ရောက်အောင်မြင်**

ယနေ့သင်တန်းဆင်းပွဲတွင် သစ်တောဦးစီးဌာနမှ သင်တန်းသား ၅၂ ဦးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သင်တန်းသား ၄၅ဦး၊ ပေါင်း ၅၇ ဦး သင်တန်းတက်ရောက်အောင်မြင်ပြီး သင်တန်းဆင်းခြင်းဖြစ်ပါကြောင်း။

သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။

တရားမဝင် သစ်ခိုးထုတ်ခြင်းများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရန်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ ပူးပေါင်းပါဝင်သော လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဆောင်ရွက်သဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် သတင်းပေးပို့ခြင်း စုစုပေါင်း ၁၁၀၉ ကြိမ်ရှိခဲ့ပြီး တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် ၃၇၉၆ တန်ကျော်နှင့် တရားမဝင်သစ်လုပ်ကိုင်သည့် တရားခံ ၅၅၄ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊

ပြည်သူလူထုဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် အခြေခံသစ်တောပညာ နှစ်နှစ်သင်တန်းသားများအား တွေ့ဆုံ၍ သင်တန်းဘာသာရပ်အလိုက် လေ့လာသင်ယူနိုင်မှုအပေါ် လေ့လာဆန်းစစ်၍ ပညာလေ့လာဆည်းပူးရာတွင် လိုက်နာကျင့်သုံးအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်း၊ သစ်တောပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပြကွက်တစ်ခုချင်းအလိုက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ထပ်မံဖြည့်စွက်ပြသရမည့် ပြကွက်များအား မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနတို့မှ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်နဝင်းပင်မတမံနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလများအတွင်း ပေါက်ခေါင်းမြို့ အနီးဝန်းကျင်တွင် အင်အားအနည်းငယ်နှင့် အင်အားအသင့်အတင့်ရှိသည့် ငလျင်များ လှုပ်ခတ်ခဲ့ခြင်းကြောင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မတမံ၏ ထိပ်မျက်နှာပြင်တွင် အလျားလိုက်နှင့် အပေါ်အောက် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နီးနီးကပ်ကပ်ပူးပေါင်း၍ တောင်နဝင်းပင်မတမံ၏ အခြေအနေ စဉ်ဆက်မပြတ်သတင်းရယူနိုင်ရေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ တမံအခြေအနေနှင့် ပတ်သက်ပြီး ပြည်သူလူထုသို့အသိပေးဆောင်ရွက်ရန် နည်းလမ်းများ၊ အကူအညီတောင်းခံနိုင်မည့် ဖုန်းနံပါတ်များ၊ အရေးပေါ်ခိုလှုံရန် နေရာများနှင့် သွားရောက်ရန် လမ်းကြောင်းများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအစီအမံများနှင့် ခိုလှုံရန်နေရာများတွင် အခိုအကာနှင့် စားနပ်ရိက္ခာများ ပံ့ပိုးပေးနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သည့်အားလျော်စွာ မြေပြင်တွင် လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းအဖွဲ့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပေါက်ခေါင်းမြို့နယ်သို့ စေလွှတ်ခဲ့သည်။ အဆိုပါ ကွင်းဆင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လတ်တလောဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် တောင်နဝင်းရေလှောင်တမံနှင့် စပ်လျဉ်းသည့် သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူ့ထံသို့ အရောက်ပေးပို့နိုင်ရန် ဆောင်ရွက်ခြင်း၊ ဘေးကင်းရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရန် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကို အရေးပေါ်ရွှေ့ပြောင်းနိုင်ရေးအတွက် လိုအပ်သည့် ဖိုက်ဘာစက်တပ်ယာဉ်များ အဆင်သင့်ထားပေးခြင်း၊ အခြားသော အသက်ကယ်ပစ္စည်းများဖြစ်သည့် ကြိုးခွေများ၊ သက်ကယ်အင်္ကျီများ အရန်သင့်ထားရှိစေခြင်း၊ အရေးပေါ်အခြေအနေတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် တာဝန်ရှိသူများအား တရုတ်နိုင်ငံအခြေစိုက် Blue Sky Emergency Rescue Team နှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးသင်တန်းများ ပို့ချပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မတမံမျက်နှာပြင် အက်ကွဲကြောင်း ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လိုအပ်သည့် နည်းပညာဆိုင်ရာ စစ်ဆေးမှုများ၊ ပြင်ဆင်မွမ်းမံမှုများနှင့် နေ့ညမပြတ် စောင့်ကြည့်လေ့လာမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူစွာ အဆိုပါတမံနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ် လျော့ပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တက်ရောက်သည့် သွားကျန်းမာရေး သင်တန်းသား သင်တန်းသူများက တက္ကသိုလ်ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၊ သင်တန်းသား သင်တန်းသူများအား ကုသခြင်းနှင့် ပညာပေးခြင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသည့် အရာထမ်းလောင်းအခြေခံ(အထူး)သင်တန်း အမှတ်စဉ်(၉)တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများအနက် ဦးစီးအရာရှိ (သွားကျန်းမာရေး)သင်တန်းသား သင်တန်းသူ ၅၂ ဦးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအပါအဝင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သည့် ဖောင်ကြီးကျေးရွာ၊ စံပြကျေးရွာနှင့် မင်းကုန်းကျေးရွာများရှိ သွားရောဂါကုသမည့်သူများအား သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးခြင်းနှင့် ကုသခြင်းအခမ်းအနားကို ယနေ့ (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန္ဒာအောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**ဆောင်ရွက်ပေးခဲ့**

ထို့နောက် သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောခြင်းကို အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသား ဒေါက်တာ စောမင်းထိုက်ဦးနှင့် သင်တန်းသား ဒေါက်တာကျော်ဇင်သိန်းတို့က ဟောပြောပြီး သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာ မေးမြန်းမှုများကို ဖြေကြားကာ သွားနှင့်ခံတွင်းရောဂါကုသခြင်းကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ သွားနှင့်ခံတွင်းကုသမှုခံယူသူ အရာထမ်း၊ အမှုထမ်းနှင့် မိသားစု ၁၃၄ ဦးနှင့် သင်တန်းသား သင်တန်းသူ ၁၅၉ ဦး၊ သွားနှင့်ခံတွင်းကုသမှုခံယူသူ စုစုပေါင်း ၂၉၃ ဦးရှိသည်။

အဆိုပါအခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ ပါမောက္ခများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများ၊ သွားရောဂါကုသကြမည့် သင်တန်းသား သင်တန်းသူများ၊ သန္ဓေမိသားစုဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လွိုင်ကော်မြို့၌ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆန္ဒပြအဖွဲ့မှ ခေါင်းဆောင်အချို့တွေ့ဆုံညှိနှိုင်းပြီး နှစ်ဖက်သဘောတူညီချက်များရရှိ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ယနေ့မွန်းလွဲ ၁ နာရီခန့်မှစ၍ ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆန္ဒပြအဖွဲ့မှ ခေါင်းဆောင်အချို့တို့ တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းက ဆန္ဒပြသူများသည် အဖွဲ့လေးဖွဲ့ ခွဲ၍ ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူထားရာ ကန္ဒာဟေဝန်ပန်းခြံသို့ ချီတက်လာကြရာ လွိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်သည့်အဖွဲ့က ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပနေခြင်းကြောင့် စုဝေးခြင်းမပြုကြရန်၊ ငြိမ်းစုစီဥပဒေအရ ခွင့်ပြုထားခြင်းမရှိသောကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် စသည်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း လက်မခံဘဲ ရဲတပ်ဖွဲ့၏ အတားအဆီးများကို ထိုးဖောက်တိုးဝင်ကြသဖြင့် ရဲတပ်ဖွဲ့က ရော်ဘာကျည်ဖြင့်ပစ်ခတ်ခြင်း၊ ရေပိုက်ဖြင့် လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ထို့နောက် ဆန္ဒပြသူများသည် ကန္ဒာဟေဝန်ပန်းခြံရှေ့ စာတိုက်အဝိုင်းအနီးတွင် ထိုင်သပိတ်ဆောင်ရွက်ကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းလိုကြောင်း တောင်းဆိုမှုကြောင့် ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်များရရှိခဲ့ပြီး ဆန္ဒပြသူလူငယ်များအားလုံး တရားစွဲဆိုထားသည့်အမှုများအား ရုပ်သိမ်းရန်နှင့် ရှေ့ဆက်ဆန္ဒပြမှုများကို ရပ်ဆိုင်းထားရန်၊ ဗိုလ်ချုပ်ကြေးရုပ်နှင့်ပတ်သက်၍ ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီနှင့် ကန့်ကွက်သူကော်မတီအဖွဲ့တို့မှ မျှတသော ဦးရေဖြင့် တစ်လအတွင်း သီးခြားတိုင်ပင်ညှိနှိုင်းရန်၊ ညှိနှိုင်းသည့် နှစ်ဖွဲ့ အပြန်အလှန်ရရှိသည့် သဘောတူညီချက်များကိုသာ အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန်၊ နှစ်ဖက်ရရှိသည့် သဘောတူညီချက်များတွင် ဗိုလ်ချုပ်မိန့်ခွန်း၊ ဗိုလ်ချုပ်ကတိကဝတ်၊ ပင်လုံစာချုပ်များသည် အထောက်အထားပြည့်စုံမှန်ကန်ပါက အစိုးရမှ ကမ္ပည်းရေးထိုးပေးရေး အကောင်အထည်ဖော်ပေးရန်၊ ယနေ့ညမှစ၍ ညှိနှိုင်းနေစဉ် တစ်လအတွင်း ပြည်နယ်ခန်းမမှအပ ကန္ဒာဟေဝန်ပန်းခြံ၌ ထောက်ခံပွဲနှင့် ကန့်ကွက်ပွဲများ ကျင်းပခွင့်မပြုရန်၊ ၎င်းတို့ရရှိထားသော သဘောတူညီချက်များကို အစိုးရမှ တစ်လအတွင်း စတင် အကောင်အထည်ဖော်ပေးရန်၊ ပျက်ကွက်ပါက ဗိုလ်ချုပ်ကြေးရုပ်ကို အစိုးရမှတာဝန်ယူ၍ သက်ဆိုင်ရာပရဟိတရုံး သို့မဟုတ် သက်ဆိုင်ရာရုံးသို့ ပြန်လည်ရွှေ့ပြောင်းပေးရန် စသည်ဖြင့် ညှိနှိုင်းသဘောတူညီခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် ကလေးများနေ့ကို ဂုဏ်ပြု၍ တက္ကသိုလ်ကင်းထောက်လူငယ်များ သွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကြီးမှူး၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ်၊ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသားသွေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်နွယ်နွယ်ဦးတို့က အမှာစကားပြောကြားပြီး ကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က သွေးလှူဒါန်းမည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ တက္ကသိုလ်ကင်းထောက် လူငယ်များနှင့် စေတနာရှင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ပြည်ထောင်စုနေ့အထိမ်းအမှတ် စက်ဘီးစီးနင်းပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး စီမံ/ဘဏ္ဍာဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြိတ်မြို့စက်ဘီးအသင်း(MABC)တို့ ပူးပေါင်းကျင်းပသည့် လူထုစက်ဘီးစီးပွဲတော်ကို ယနေ့နံနက် ၆ နာရီက ကမ်းနားလမ်း သဲကွင်းအဆုံးမှ စတင်တာလွှတ်ခဲ့ပြီး ကမ်းနားလမ်းအတိုင်းစီးနင်း၍ နာရီစင်လမ်း၊ ဗိုလ်ချုပ်လမ်း၊ မြို့သစ် တံတားဦးလမ်း၊ ဦးမြတ်လေးလမ်း၊ လေယာဉ်ကွင်းလမ်း၊ ရှမ်းချောင်းလမ်းမကြီးအတိုင်း စီးနင်း၍ မဟာသိဒ္ဓိဇယစေတီတော်အထိ စီးနင်းခဲ့ကြသည်။ ယင်းနေရာတွင် ခေတ္တရပ်နား၍ လာလမ်းအတိုင်း ပြန်လည်စီးနင်းပြီး မြိတ်ကမ်းနားလမ်း သဲကွင်းအဆုံးတွင် ပန်းဝင်ခဲ့သည်။ ပန်းဝင်လာသူအားလုံးကို စက်ဘီးငါးစီး မဲဖောက်ပေးပြီး စက်ဘီးစီးနင်းကြသူများအား အမှတ်တရအဖြစ် စက်ဘီးစီး ပွဲတော်စာတန်းပါ အင်္ကျီများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီစက်ဘီးစီးပွဲတော် ကျင်းပတာက လူငယ်လေးတွေကို စိတ်ဓာတ်ခိုင်မာတဲ့၊ အားကစားစိတ်ဓာတ်ရှိတဲ့၊ စုစည်းတတ်တဲ့ အစဉ်အလာလေးတွေ ရရှိလာအောင် ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု MABC နာယက ဦးထွန်းထွန်းက ပြောသည်။

**မြင့်ဦး(မြိတ်)**

»» မြန်မာ ယူ-၁၆ မှ

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က သုံးဂိုး၊ ရွှေဇင်မင်း၊ ဂျူလိုင်ချာနှင့် ဆုပြည့်ပြည့်ကျော်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ ယင်းခြေစမ်းပွဲကို မူလက ဘရစ္စဘိန်းရှိအာ စီနီယာအသင်းနှင့် ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း လူငယ်အသင်းနှင့် ပြောင်းလဲကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မက်တီဒက်စ်လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ပြင်စလူမြို့၌ ငမြှောင်တောင်ပိုးအကြောင်း အသိပညာပေးရှင်းလင်း

**ပြင်စလူ ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သီးနှံစိုက်ခင်းများတွင်ကျရောက်တတ်သည့် သီးနှံဖျက် ငမြှောင်တောင်ပိုးအကြောင်းနှင့် ကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများ အသိပညာပေးရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပြင်စလူမြို့ ထန်းပင်ကုန်းကျေးရွာ စာသင်ကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇင်အောင်စိုးက သီးနှံဖျက်ငမြှောင်တောင်ပိုးအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ မီးထောင်ချောက်ပိုးပြေးဆေးများသုံးစွဲရေး၊ မိတ်ဆွေပိုးများဖြစ်သည့် ပုရွက်ဆိတ်၊ လိပ်ခုံးကျိုင်း၊ နကျယ်အုပ်စုဝင်ကပ်ပါးများ ထိန်းသိမ်းရေး စသည်တို့အပါအဝင် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တတ်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်ဖြိုးသူ(ပြန်/ဆက်)**

# လက်ဖက်သီးနှံ ပိုမိုစိုက်ပျိုးတိုးချဲ့ရေးနှင့် ပြည်ပသို့ တင်ပို့ရေး အလုပ်ရုံဆွေးနွေးပွဲ နမ့်ဆန်မြို့၌ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ပလောင်ဒေသဦးစီးအဖွဲ့နှင့် ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော လက်ဖက်တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဉာဏ်မျိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ပန်းမန်အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံလက်ဖက်အသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုစိန်၊ ပလောင်လက်ဖက်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးထွန်းမြိုင်၊ နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးနှင့် မန်တုံ၊ သီပေါ၊ ကျောက်မဲမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများ၊ ဒေသနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်သည့် မြို့နယ် ၁၇ မြို့နယ်တို့မှ လက်ဖက်တောင်သူ ၇၅၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူး ဦးဉာဏ်မျိုးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက လက်ဖက်ပင်များ တိမ်ကောပပျောက်မှု မရှိစေရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို လက်ဖက်သီးနှံအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ပန်းမန်အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်ဖက်အသင်းဥက္ကဋ္ဌတို့က လက်ဖက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးမှုများ၊ ဒေသခံလက်ဖက်တောင်သူများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေပြီး အပိုဝင်ငွေရရှိနိုင်သည့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်သီးပင်များ၊ သီးညှပ်စိုက်ပျိုးနိုင်ရေး၊ ပြည်တွင်း ပြည်ပသို့ တန်ဖိုးမြှင့်ထုတ်ကုန်အနေဖြင့် တင်ပို့ရောင်းချနိုင်ရန်(GAP)နှင့် Certificate များလျှောက်ထားနိုင်ရေးအတွက် အသေးစိတ် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြပြီး ဒေသခံလက်ဖက်တောင်သူများနှင့် အဖွဲ့သည် နမ့်ဆန်မြို့ရှိ စံပြလက်ဖက်ခြံများသို့ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်အသင်း အဝေးကွင်း၌ ရှုံးနိမ့်ပြီး အာရှချန်ပီယံလိဂ် ခြေစစ်ပွဲမှ ထွက်ခဲ့ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**ချင်းရိုင်ယူနိုက်တက်(ထိုင်း) - သုံးဂိုး**
**ရန်ကုန်ယူနိုက်တက် (မြန်မာ) - တစ်ဂိုး**

ရန်ကုန်အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းထပ်မံရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ပြီး အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရန်ကုန်အသင်းသည် ရန်အောင်ကျော်၊ ကျော်ဇင်ထက်၊ မီလာ၊ မောင်မောင်လွင်၊ ဆီလာတို့ဖြင့် လူစုံခဲ့ပြီး ဖိလစ်ပိုင်ကလပ် ဆီရက်စ်ကို အနိုင်ရသည့်ပွဲထွက်လူစာရင်းမှ တစ်ဦးသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ပထမပိုင်းတွင် ချင်းရိုင်ယူနိုက်တက်အသင်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ရန်ကုန်အသင်းမှာလည်း ခံစစ်မကစားဘဲ အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့သည်။ ၁၂ မိနစ်တွင် လီယောင်ယဲက ချင်းရိုင်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူပြီး ၃၆ မိနစ်တွင် ပြည့်ဖြိုးဇော်က ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းပြီး ရန်ကုန်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးပြန်ရသော်လည်း ဂိုးချက်ချင်းပြန်ပေးလိုက်ရသောကြောင့် အခက်တွေ့ခဲ့ရခြင်းဖြစ်သည်။ ချင်းရိုင်ယူနိုက်တက်အတွက် ဒုတိယဂိုးကို ၃၉ မိနစ်တွင် ဆူရီရာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ချင်းရိုင်ယူနိုက်တက်အတွက် တတိယဂိုးကို ၆၆ မိနစ်တွင် ဘေလ်က သွင်းယူခဲ့သည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့သော်လည်း 2019 AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲကို ယခုလကုန်ပိုင်းတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## သတင်းလမ်းညွှန်

### နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း အလုပ်ရုံဆွေးနွေးမည်

နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း (TTTI) ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ(1st Joint Workshop) ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်သည့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပမည်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဆောင်ရွက်လျက်ရှိသည့် သတင်းထုတ်ပြန်ခြင်း (၂/၂၀၁၉) အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၇) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပမည်

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ငပလီကမ်းခြေ၌ ကျင်းပမည်

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့တို့ ပူးပေါင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

## နှစ်နိုင်ငံချစ်ကြည်ရေး မြှင့်တင်မှုအဖြစ် မြန်မာ-ဂျပန် ဂျူဒို ပူးတွဲလေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံ Hoku'estu University Judo Federation တို့ ပူးပေါင်းစီစဉ်မှုအရ Hoku'estu University Judo Federation President Yasuji Maki ခေါင်းဆောင်သော အဖွဲ့ဝင် ၁၄ ဦးသည် ယမန်နေ့ညပိုင်းက အပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အဖွဲ့ချုပ်အလုပ်အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာနိုင်ငံ ဂျူဒိုအားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်ပေးသည့်အနေဖြင့် ဂျပန်နိုင်ငံ တက္ကသိုလ်ကျောင်းသားများနှင့် မြန်မာနိုင်ငံလက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်တို့သည် ဖေဖော်ဝါရီ ၂၀ ရက်အထိ ရန်ကုန်မြို့ကျိုက္ကဆံအားကစားသိပ္ပံကျောင်းတွင် ပူးတွဲလေ့ကျင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ သိရသည်။ **ကြေးမုံ**




## ၂၀၁၉ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအသင်း ၂၀ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် MNL နှင့် MNL-2 (ပထမတန်း) ၌ ယှဉ်ပြိုင်နေသည့် အသင်းများအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်းမှ အသင်းများဖြင့် စတင်မည်ဖြစ်ပြီး ၂၀၁၈ ရာသီတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ကုန်နှင့်ဟံသာဝတီ အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မတ် ၁၂၊ ၁၃၊ ၁၄ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၈၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ MNL ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ဇွဲကပင်၊ ရတနာပုံ၊ မကွေး၊ ရခိုင်၊ Southern၊ ရှေဝတီ၊ စစ်ကိုင်း၊ဒဂုံနှင့် Chinland အသင်း၊ MNL-2 ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ချင်းယူနိုက်တက်၊ မြဝတီ၊ အား/ကာသိပ္ပံ၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ ရွှိုင်ရယ်သန်လျင်၊ တက္ကသိုလ်နှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို ယခင်နှစ်များအတိုင်း ပထမအဆင့်၊ ဒုတိယအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ကိုမူ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

## လီဗာပူးတိုက်စစ်မှူးမိုဟာမက်ဆာလာကို ယူရိုသန်း ၂၀၀ နဲ့ ခေါ်ယူဖို့ ဂျူဗင်တပ်အသင်း ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ လီဗာပူးအသင်းရဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀၀ နဲ့ ခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလာအနေနဲ့ ဘုန်းမောက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးအပါအဝင် လီဗာပူးအသင်းနဲ့အတူ သွင်းဂိုး ၆၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိမှာလည်း တိုက်စစ်မှူး ဆာလာဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ သွင်းဂိုး ၁၇ ဂိုးသွင်းယူထားနိုင်ခဲ့တာကြောင့် ထိပ်တန်းဂိုးသွင်းရှင်အဖြစ်မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။ တိုက်စစ်မှူးဆာလာဟာ မန်စီးတီးအသင်းရဲ့ တိုက်စစ်မှူး အဂူရိုနဲ့အတူ သွင်းဂိုးတူသွင်းယူထားခဲ့ကာ ဂိုးအများဆုံးသွင်းယူထားတဲ့ကစားသမားလည်းဖြစ်ပါတယ်။

ဆာလာဟာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်ကစားသမားတွေထဲမှာ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် မှတ်ကျောက်တင်ထားနိုင်ခဲ့တာကြောင့် ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၇၅ သန်း (ယူရိုသန်း ၂၀၀)နဲ့ ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာကတော့ ၂၀၁၇ ခုနှစ်အတွင်းမှာ ပီအက်စ်ဂျီအသင်းက ယူရို ၂၂၂ သန်းနဲ့ ခေါ်ယူခဲ့တာကြောင့် လက်ရှိမှာ နေမာက ကမ္ဘာ့စံချိန်တင်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။




## ဆားဘီးယားတိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူဖို့ ဖရန့်ဖက်အသင်းနဲ့ ဘာစီလိုနာအသင်း သဘောတူညီမှုရရှိ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ဖရန့်ဖက်တိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပြီး လက်ရှိမှာ သဘောတူညီမှုရရှိသွားခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး လူကာဂျိုဗစ်ဟာ ယခုနှစ်ဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရန့်ဖက်အသင်းနဲ့အတူ သွင်းဂိုး ၁၉ ဂိုးအထိသွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ လူကာဂျိုဗစ်ဟာ ဘင်ဖီကာအသင်းကနေ ဖရန့်ဖက်အသင်းကို အငှားစာချုပ်နဲ့ လာရောက်ကစားနေတာဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့မယ်လို့လည်း သိရပါတယ်။

ဘာစီလိုနာအသင်းဟာ လူကာဂျိုဗစ်ကို ခေါ်ယူဖို့အတွက် ဥရောပရဲ့ နာမည်ကြီးအသင်းတွေနဲ့ ယှဉ်ပြိုင်နေရတာဖြစ်ပြီး အဓိကပြိုင်ဘက်မှာ ရီးယဲလ်မက်ဒရစ်အသင်းဖြစ်ပါတယ်။

လူကာဂျိုဗစ်ဟာ ဘင်ဖီကာအသင်းက ပိုင်ဆိုင်တဲ့ကစားသမားဖြစ်ပေမယ့် ဖရန့်ဖက်အသင်းကို အငှားနဲ့ လာရောက်ကစားစဉ်ကတည်းက အမြဲတမ်းစာချုပ်ချုပ်ဆိုနိုင်မယ့်အခွင့်အရေးကို ဖရန့်ဖက်အသင်းက ရရှိခဲ့တာကြောင့် ဖရန့်ဖက်အသင်းနဲ့သာ သဘောတူညီမှုရယူခဲ့ရတာဖြစ်ပါတယ်။




## အဲဗာတန်တိုက်စစ်မှူး ရစ်ချာလီဆင်အား ချယ်လ်ဆီးအသင်း ပစ်မှတ်ထားနေ

ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ရစ်ချာလီဆင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ရစ်ချာလီဆင်ကို ခေါ်ယူဖို့အတွက် အေစီမီလန်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့က စိတ်ဝင်စားနေတာဖြစ်ပါတယ်။

ရစ်ချာလီဆင်ဟာ အဲဗာတန်အသင်းနဲ့အတူ လိဂ်ပွဲစဉ် ၂၃ ပွဲမှာ သွင်းဂိုး ၁၀ ဂိုးသွင်းယူထားတာဖြစ်ပြီး လွန်ခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းက ဘရာဇီးအသင်းလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ချိန်ကစလို့ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်လာခဲ့တာလည်းဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ဝက်ဖို့ဒ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ နဲ့ ခေါ်ယူခဲ့တာဖြစ်လို့ အဲဒီပြောင်းရွှေ့ကြေးရဲ့နှစ်ဆ ရရှိဖို့လည်း အဲဗာတန်အသင်းက တောင်းဆိုထားတယ်လို့ သိရပါတယ်။

**ငွေကြယ် - ရေးသားသည်**

# နောင်ချိုမြို့နယ်တွင် 9mm Thai Arms ကျည် ၅၀၀ နှင့် ပွိုင့်၂၂ ကျည် ၁၄၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နောင်ချိုမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် သက်သေများနှင့်အတူ အိုရီယမ်တယ်တိုးဂိတ်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် နောင်ချိုမြို့မှ သီပေါမြို့သို့ ကရင်ပြည်နယ် ကော့ကရိတ်မြို့(၁)ရပ်ကွက်နေ ဇေယျာမင်း(ခ)သားကြီး မောင်းနှင်လာသော Mark-II ယာဉ်အား ရှာဖွေစစ်ဆေးရာ 9mm Thai Arms ကျည်တောင့် ၅၀၀ နှင့် အပြာရောင်စက္ကူဘူးဖြင့် ထည့်ထားသော ပွိုင့် ၂၂ ကျည်တောင့် ၁၄၅၀ တို့အား သိမ်းဆည်းရမိခဲ့သည်။



ဎင်းအား စစ်မေးရာ အဆိုပါကျည်များနှင့်ယာဉ်အား ယောက်ဖဖြစ်သူ တစ်ရပ်ကွက်တည်းနေ လှိုင်ဦးက ရှမ်းပြည်နယ် မူဆယ်မြို့နယ် တုံခန်(အထက်) ကျေးရွာနေ လှမိုး(ခ)စိုင်းလှမိုးထံ ပို့ဆောင်ခ ငွေကျပ်၂၂၀၀၀၀ ဖြင့် သီပေါမြို့အထိ ပို့ခိုင်း၍ မောင်းနှင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ပြောကြားသဖြင့် ဇေယျာမင်း(ခ)သားကြီးအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အဆိုပါ အမှုတွင် လှမိုး(ခ) စိုင်းလှမိုးနှင့် ကောင်းမူလွယ်ရပ်ကွက်နေ စိုင်းဆိုင်ဖတို့နှစ်ဦးအား သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက သီပေါမြို့ အုတ်ကျင်းရပ်ကွက် မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ ငါးကန်အနီး၌ ဖမ်းဆီးရမိခဲ့သဖြင့် နောင်ချိုမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ၎င်းတို့နှစ်ဦးအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၆ လမ်း အမှတ် ၃၃၊ ၃ လွှာနေ ဒေါ်ခင်စောငြိမ်း၏အခန်းတွင် ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဲကွန်း(မီးဖြတ်စက်) အပူလွန်ကဲပြီးမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ မင်္ဂလာတောင်ညွန့်မြို့နယ်ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းအောင်ပါ ၂၃ ဦးနှင့် မင်္ဂလာ တောင်ညွန့်မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးညီညီပါ ၉၂ ဦး၊ အရန်မီးသတ် ၇၂ ဦး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် မီးငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွား ကြောင်းသိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပုလောမြို့နယ် ရှပ်ပုံကျေးရွာ ဆီတောင်လမ်း ရော်ဘာခြံအတွင်းရှိ မျိုးဦး၏နေအိမ်တဲကို ရှာဖွေရာ သက်လွင်ထွန်း(ခ) ဒီလုံး၊ ဇင်ကိုထွေး(ခ)အိုကေနှင့် ဟေမာန်ဦး(ခ) ဝေယံတို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ တူမီးသေနတ်တစ်လက်၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်း ကောင်း။



မအေးအေးမွန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**တာချီလိတ်**

အလားတူ ညနေ ၅ နာရီက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ စက်သုံးဆီအရောင်းဆိုင်အနီးတွင် ထိုင်းနိုင်ငံသား Mr. Sarayut မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ အိုက်စ် သုည ဒသမ ၇ ဂရမ်၊ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၅ တောင့်တို့ကိုလည်းကောင်း။

**တောင်ကြီး**

ထို့အတူ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် နယ်မြေ(၁) အောင်မင်္ဂလာလမ်းနေ မအေးအေးမွန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၉၀ နှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်း ကောင်း။

**မဘိမ်း**

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက တပ်မတော်မှ မဘိမ်းမြို့ လဝါကျေးရွာရှိ တဲတစ်လုံးကိုရှာဖွေရာ တဲအတွင်း၌ ကောင်းမြတ်လွင်အားတွေ့ရှိ၍ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မဘိမ်းမြို့နယ် လဝါကျေးရွာ ဆင်ဖီတောနေ သိန်းထိုက်စိုး၏နေအိမ်တဲကို ရှာဖွေရာ တဲအတွင်းမှလေသေနတ်တစ်လက်၊ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ မဘိမ်းမြို့နယ် လဝါကျေးရွာ ကျောက်လုံးကြီးဒေသနေ ကျော်အောင်၏နေအိမ်တဲကို ရှာဖွေရာ ဘိန်းဖြူ ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး လက်အောက်ရှိ EMS စာတိုက်လုပ်ငန်းစုနှင့်မြန်မာ့စာတိုက်လုပ်ငန်းစုတို့တွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စာတိုက်လုပ်ငန်းစု၌ တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သိန်းပေါင်းတစ်သောင်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်တွင် မြန်မာ့စာတိုက်လုပ်ငန်းစု၌ ဂျာမနီနိုင်ငံမှ ပေးပို့လာသော ပါဆယ်အမှတ် ARP- 252 အား ပစ္စည်းပိုင်ရှင် မောင်ကျော်ဇေယျ က လာရောက်ထုတ်ယူရာ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ကျအကောက်ခွန်အရာရှိနှင့်အတူ စာတိုက်ဝန်ထမ်းတို့က မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ပါဆယ်ထုပ်အတွင်းမှ မသင်္ကာဖွယ်ရာ ဆေးထုပ်ငါးထုပ်အား တာဝန်ကျအကောက်ခွန်အရာရှိက "Thermo Scientific (Tru Narc)" စက်ဖြင့်စစ်ဆေးရာ "MDMA" ဟု စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကျောက်တံတားရဲစခန်းနှင့် မူးယစ်တပ်စု-၄၂ သို့ အကြောင်းကြား၍ ထပ်မံစစ်ဆေးခဲ့ရာ "MDMA" (Ecstasy)ဟု ယူဆရသော ပန်းရောင်ဆေးပြားများဖြစ်ကြောင်း အတည်ပြု၍ အမှုဖွင့် တားဆီးခဲ့သည်။ အဆိုပါ "MDMA" (Ecstasy) ဟု ယူဆရသော ပန်းရောင်ဆေးပြား ငါးထုပ်နှင့် ပစ္စည်းပိုင်ရှင် မောင်ကျော်ဇေယျအား မူးယစ်တပ်စု-၄၂ နှင့် ကျောက်တံတားရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**ဌေးနိုင်**



# မင်းလှမြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မင်းလှမြို့နယ် ပရဆိုင်ကျေးရွာ အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာတွင် ယမန်နေ့က အထောက်အထားမဲ့ဝင်ရောက်လာသည့် မသင်္ကာဖွယ်ရာလူ ၁၂ ဦးအား ဖမ်းဆီးရမိခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၆ နာရီခွဲခန့်တွင် ပရဆိုင်ကျေးရွာ အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ ဝါးရုံတောအတွင်း၌ မသင်္ကာဖွယ်လူများရောက်ရှိနေကြောင်း သတင်းအရ ရှာဖွေရာ နိုဘီဟူဆွန်း(၃၅)နှစ် (ဘ)ဂူလာဟူ ဆွန်းတောင်ထောင် ဟာယာကျေးရွာ ကျောက်တော်မြို့နယ်နေသူပါ အမျိုးသား ၁၂ ဦးအား ဖမ်းဆီးရမိခဲ့ပြီး အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၂ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်တွင် မူယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ခိုးဆိုး/လုယက်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကင်းလှည့်နေစဉ် ဖေဖော်ဝါရီ ၆ ရက်က အောင်မြေသာစံမြို့နယ် ၁၉ လမ်းနှင့် ၈၉ လမ်းထောင့်တွင် မသင်္ကာသူ အမျိုးသားတစ်ဦးအား စစ်ဆေးခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားမှာ စိုးနောင်ငြိမ်း(ခ)ငစိုင်း နောင်ချိုမြို့နယ် မဲပုတ်ရွာမှဖြစ်ပြီး ၎င်း၏ ပုဆိုးခါးပုံစအတွင်းမှ ပလတ်စတစ်အိတ်အနက်ရောင်နှင့်ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အလေးချိန် သုည ဒသမ သုံး ဂရမ်ခန့်ရှိ ဖြူ/ဝါရောင်အမှုန့်များပါသော ပင်နယ်စလင်ပုလင်းရှစ်ခု စုစုပေါင်း အလေးချိန် ၂ ဒသမ ၄ ဂရမ်ကို စစ်ဆေးတွေ့ရှိခဲ့ရာ အသိသက်သေများ ရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းအရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာကျင်းပ

**ပင်လုံ**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့လာသော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ဖတ်ကြားသည်။ ထို့နောက် ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုသည့်အနေဖြင့် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲနှင့်အခြေခံပညာ (အထက်တန်း၊ အလယ်တန်း) အဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေရာ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ရှမ်းအိုးစည် ဗုံမောင်းအကဖြင့်လည်းကောင်း၊ ပအိုဝ်းယဉ်ကျေးမှုအဖွဲ့မှ ရိုးရာသီချင်း အကဖြင့်လည်းကောင်း၊ တောင်ရိုးယဉ်ကျေးမှုအဖွဲ့မှ သမိုင်းသက်သေပင်လုံမြေသီချင်းဖြင့်လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ကျောင်းသား ကျောင်းသူများက ခနေမြေကတေးတစ်ပုဒ်ဖြင့်လည်းကောင်း၊ နည်းပညာတက္ကသိုလ်(ပင်လုံ) ကျောင်းသား ကျောင်းသူများက ဦးရွှေရိုးအကဖြင့်လည်းကောင်း၊ ပင်လုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ငြိမ်းချမ်းရေးသီချင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ထာဝရမြန်မာသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ နည်းပညာတက္ကသိုလ်ပြခန်း၊ ကွန်ပျူတာတက္ကသိုလ်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး (လွိုင်လင်)**



**ဇေယျာသီရိ**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဖတ်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

**ခရမ်း**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းမြို့မ တင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သည့် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းက ဖတ်ကြားခဲ့ပြီး တက်ရောက်လာသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ကိုမင်း (ခရမ်း)**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းရင်ပြင်၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ဖဟန်း**

(၇၂) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ဖဟန်းမြို့နယ် အထက (၁) ကျောင်းအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့် (ပြန်/ဆက်)**

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ပြည်သူ့ဘောလုံးအားကစားကွင်းတွင် ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သည့် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ဖတ်ကြားသည်။

ထို့နောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

**ထန်တလန်**

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်၇နာရီကထန်တလန်မြို့အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုငွေများချီးမြှင့်သည်။ **မြို့နယ်(ပြန်/ဆက်)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာဖတ်ကြားခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မောင်တောမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော သဝဏ်လွှာကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖြန့်ဝေသော (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မယ်စဲ့မြို့ မြို့နယ်ခန်းမရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ဖတ်ကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

**မြစ်သား**


မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ဖတ်ကြားပြီး စာစီစာကုံး၊ ကဗျာနှင့် ဘောလုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **ရဲဝင်းထွန်း(မြစ်သား)**

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မိုးကောင်းမြို့တော်ခန်းမတွင် ပြုလုပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သည့် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက ဖတ်ကြားခဲ့သည်။ **ဝင်းနိုင်(ကချင်မြေ)**



**(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရိုးရာလေ့လှော် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယားကန်သာ၌ ကျင်းပစဉ်။**
**ကျော်စိုး**

## (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီမှ ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ခရိုင်အား/ကာကော်မတီဥက္ကဋ္ဌ ဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို လှိုင်မြို့နယ် NIS(2)မိုးလုံလေလုံ အားကစားရုံ၌ ယနေ့ မွန်းလွဲ ၁ နာရီ က ကျင်းပသည်။

ပြိုင်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(၁၃)မြို့နယ် မှ အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆိပ်ကမ်းမြို့နယ်က တတိယဆုငွေကျပ် တစ်သိန်း၊ လသာမြို့နယ်က ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ စမ်းချောင်းမြို့နယ်က ပထမဆု ငွေကျပ်သုံးသိန်းနှင့် ဆုတံဆိပ်ဖလားကြီးကို ဆွတ်ခူးရရှိသည်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ သွင်းဂိုးအများဆုံး ကစားသမားဆု စသည့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

## ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ (ဌာနမှူး) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်

**ယခုပို့ချချက်သည် ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါသည်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်သည် အဆင့်မြင့်မြန်မာစာ ဘာသာရပ်တစ်ခုဖြစ်ပြီး မြန်မာစာပေကို ချစ်မြတ်နိုးသူများအတွက် လွန်စွာသင့်လျော်သည့် ဘာသာရပ်တစ်ခုဖြစ်သည်။ အစဉ်အလာကြီးမားလှသော မြန်မာစာပေ၏ အမွေအနှစ်များကို လေ့လာရသည့်ဘာသာရပ်ဖြစ်သည့်အတွက်လည်း တန်ဖိုးကြီးမားလှပါသည်။ စိတ်ကြိုက်မြန်မာစာကို ထိထိရောက်ရောက် လေ့လာသင်ယူပါက ဘဝတစ်လျှောက်လုံး မြန်မာစာပေဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် ဘာသာရပ်တစ်ခုလည်း ဖြစ်ပါသည်။ ဘာသာရပ်ကို လေ့လာရာတွင်နှံ့နှံ့စပ်စပ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန် လိုအပ်သကဲ့သို့ စာမေးပွဲဖြေဆိုရာတွင်လည်း မေးခွန်းနှင့်အံဝင်ခွင်ကျ ဖြေဆိုတင်ပြနိုင်ရန် လိုအပ်ပါသည်။**

တက္ကသိုလ်ဝင်တန်း စိတ်ကြိုက်မြန်မာစာအတွက် ပြဋ္ဌာန်းထားသော စာအုပ် (၄) အုပ်ရှိပါသည်။ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာစာပေသမိုင်းတို့ ဖြစ်ပါသည်။ စာမေးပွဲမေးခွန်းပုံစံတွင်လည်း အဆိုပါ ပြဋ္ဌာန်းထားသောစာအုပ်(၄)အုပ် အတွက် တစ်ပုဒ်စီဖြင့် မေးခွန်းကြီး(၄)ပုဒ် ပါဝင်ပါသည်။ (၃) နာရီမေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းတွင် ပုဒ်ခွဲများ ပါဝင်ပါသည်။

**မေးခွန်း(၁)** သည် မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း (၁) တွင် (က)နှင့်(ခ) မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ မေးခွန်း (၁) (က) သည် မြန်မာဝတ္ထုတို မေးခွန်း ဖြစ်ပါသည်။ တစ်ပုဒ်ဖြေဆိုရမည်ဖြစ်ပြီး ရွေးချယ်ရန်အတွက် နှစ်ပုဒ်မေးထားပါသည်။ မြန်မာဝတ္ထုတိုတွင် ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ (၁၁) ဦး၏ ဝတ္ထုတို (၁၁)ပုဒ် ကိုရွေးချယ် ပြဋ္ဌာန်းထားပါသည်။ ဝတ္ထုတိုဆိုသည်မှာ လူ့အကြောင်း၊ လောကအကြောင်းကို စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဆင်ခြင်ဖွယ် သင်ခန်းစာယူဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင်ဖန်တီးရေးဖွဲ့ထားသည့် ရသစာပေတစ်မျိုးဖြစ်သည့်အလျောက် ဝတ္ထုတိုလေ့လာမှုကို စစ်ဆေးအကဲဖြတ်ရာတွင် လူ့သဘာဝအဖွဲ့များ၊ စာရေးသူတို့၏ ဇာတ်လမ်း ဖန်တီးမှုများ၊ ဝတ္ထုကပေးသော ဘဝသင်ခန်းစာများ စသည်တို့ကို မေးလေ့ရှိပါသည်။

ဝတ္ထုတိုတစ်ပုဒ်စီ၏ အလေးပေးချက်များကို ဖော်ထုတ်လေ့လာထားမည်ဆိုပါက ဝတ္ထုတိုနှင့် ပတ်သက်သည့် မေးမြန်းချက်များကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်စီ၏ အလေးပေးချက်များကို သာဓကအားဖြင့် တင်ပြရလျှင် မောင်ဘစီဝတ္ထုတိုမှ လူငယ်တစ်ယောက်၏ ခံယူချက်နှင့် ကြိုးစားအားထုတ်မှု၊ သော့တွဲနှင့်နတ်ရုပ် ဝတ္ထုတိုမှ ဟန်ဆောင်ကောင်းသူနှစ်ဦး၏ စရိုက်သဘာဝ၊ အမေ ဝတ္ထုတိုမှ သားကိုချစ်သော မိခင်တစ်ယောက်၏ မေတ္တာ၊ ဇာတိနှင့်မရဏ ဝတ္ထုတိုမှ ဆင်ခြင်ဖွယ် သင်ခန်းစာယူဖွယ် အဖြစ်အပျက်များ စသည်တို့သည် ဝတ္ထု တစ်ပုဒ်ချင်းအလိုက် ပေါ်လွင်လျက်ရှိသော အလေးပေးမှုများဖြစ်သည်။ ထိုသို့သော အလေးပေးမှုများကို ဖော်ထုတ်လေ့လာထားရမည် ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်မေးခွန်း ၁ (ခ)သည် မြန်မာပြဇာတ် မေးခွန်းဖြစ်သည်။ ပြဇာတ် (၃) ပုဒ်သာ ပြဋ္ဌာန်းထားသည့်အတွက် ထိုပြဇာတ်(၃) ပုဒ်ကိုပင် ရှုထောင့်အမျိုးမျိုးမှ စစ်ဆေး အကဲဖြတ်မည် ဖြစ်ပါသည်။ ပြဇာတ်လေ့လာရာတွင်လည်း ဝတ္ထုတိုကဲ့သို့ပင် ပြဇာတ်၏ အလေးပေးမှု၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ ပြဇာတ်နောက်ခံနှင့် အရေးအဖွဲ့တို့ကို လေ့လာရမည်ဖြစ်သည်။ သို့ရာတွင် ပြဇာတ်နှင့် ဝတ္ထုတိုတို့၏အဓိကကွဲပြားချက်မှာ ပြဇာတ်သည် ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားများကို အဓိကထား၍ ရေးဖွဲ့ထားခြင်းဖြစ်ရာ ပြဇာတ်အလေးကဲမှု၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ စသည်တို့ကို ဇာတ်ဆောင်တို့၏ အပြန်အလှန် ပြောစကားများမှ ဖော်ထုတ်ရပါသည်။

ပြဋ္ဌာန်းထားသည့် ပြဇာတ် (၃)ပုဒ်တွင် အာဇာနည်မိခင်ပြဇာတ်သည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် အသက်ပေးသွားသည့် အာဇာနည်သားကောင်းတို့၏ မိခင်ဖြစ်ရခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသည်ဟု ခံယူထားသော အာဇာနည်မိခင်တစ်ဦး၏ စိတ်ဓာတ်၊ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ ပြဇာတ်တွင် မိဘအမွေကို လောဘဇောတက်ကာ ခွဲဝေနေကြသည့် သမီးများ၏ စရိုက်သဘာဝ၊ မြန်မာစာ ပရိုဂရက်(စ်) ဖြစ်ဖို့ ပြဇာတ်တွင် မြန်မာစာတိုးတက်ရေးဆွေးနွေးပွဲ၌ အင်္ဂလိပ်စကားလုံးများကို လွန်လွန်ကဲကဲ ညှပ်ပြောနေကြသော မြန်မာစာဆရာများ၏ အပြောတစ်မျိုး အလုပ်တစ်မျိုး ပြုမူချက်တို့သည် ပြဇာတ်တစ်ပုဒ်ချင်းစီ၏ အလေးပေး ဖော်ပြချက်များပင် ဖြစ်ပါသည်။

**မေးခွန်း(၂)** သည် သံဝရပျို့မေးခွန်းဖြစ်သည်။ သံဝရပျို့ မေးခွန်းတွင် ပုဒ်ခွဲ (၂)ခု ပါဝင်ပါသည်။ ၂ (က)သည် ပျို့စာကိုယ်လာ စာပိုဒ်များကို ရှင်းပြရန်ဖြစ်ပြီး ၂ (ခ) သည် ပျို့အကြောင်းအရာ၊ အရေးအဖွဲ့နှင့် သုတရသ သင်ခန်းစာများကို မေးခြင်းဖြစ်သည်။ မေးခွန်း ၂ (က) ကို ကောင်းစွာဖြေဆိုနိုင်ရန်အတွက် ပျို့တွင် ပါရှိသော ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ်ကောင်းမွန်သောအဖွဲ့များ၊ အဓိပ္ပာယ်ထူးခြားသောအဖွဲ့များ၊ စကားပုံများ၊ ဆိုရိုးစကားများ စသည်တို့၏ အဓိပ္ပာယ်များကိုလည်း အသေးစိတ် လေ့လာထားရန် လိုအပ်ပါသည်။ ပေးထားသော ပျို့စာသားကို ဆိုလိုရင်းမှန်ကန်စွာဖြင့် ပြေပြေပြစ်ပြစ် ရှင်းလင်းဖြေဆိုရမည် ဖြစ်ပါသည်။

မေးခွန်း (၂) (ခ) ကို ဖြေဆိုနိုင်ရန်အတွက် အဓိကဇာတ်ဆောင်သုံးဦးဖြစ်သည့် ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနှင့် သံဝရမင်းသားတို့၏ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးနှင့် ဂုဏ်ရည်များ၊အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်း တပည့် ပန်းကောင်း ပန်သောသဘော စသည်ဖြင့် သံဝရပျို့မှ ထူးခြားလေးနက်သော အနှစ်သာရများကို ထုတ်ဖော်လေ့လာထားရမည်ဖြစ်သည်။ ပျို့စာကိုယ်ကို မူရင်းဇာတ်တော်လာ အကြောင်းအရာနှင့် ယှဉ်တွဲလေ့လာထားပြီး မိမိအရေးအသားဖြင့် ပြန်လည်ရေးသားတင်ပြနိုင်အောင် လေ့ကျင့်ထားမည်ဆိုပါက သံဝရပျို့မေးခွန်း (၂) (ခ) ကို ကောင်းစွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ **မေးခွန်းနံပါတ် (၃)** သည် မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်ပါသည်။ မေးခွန်း နံပါတ် (၃) တွင်လည်း (က) နှင့် (ခ) ပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ (၃) (က) သည် မြန်မာကဗျာဖွဲ့နည်း စာအုပ်ပါ ကဗျာအမျိုးအစား (၈)မျိုးနှင့် ပတ်သက်သည့် ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များကို မှတ်စုရေးခိုင်းသည့် မေးခွန်းဖြစ်သည်။ (၄) ခုပေးထားပြီး (၂)ခု ဖြေဆိုရပါမည်။ (၃) (က) မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ရန်အတွက် မြန်မာကဗျာဖွဲ့နည်းစာအုပ်မှ အချိုးကဗျာများ၊ သံချိုကဗျာ၊ ဧချင်းကဗျာများ၊ တေးထပ်ကဗျာ တို့နှင့်ပတ်သက်သည့် ကဗျာအမျိုးအစားတစ်ခုချင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ သဘောသဘာဝ၊ ကဗျာစပ်နည်းအမျိုးမျိုး စသည်တို့ကို သေချာစွာ လေ့လာထားရမည် ဖြစ်သည်။ ထို့ပြင် ထူးခြားသည့် ကာရန်ယူစနစ်များ ဖြစ်သည့် ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်း၊ ကဗျာဉာဏ်ကွန့်မြူးနိုင်ရန်အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ် စသည့် မြန်မာကဗျာဆိုင်ရာသိမှတ်စရာများကိုလည်း လေ့လာမှတ်သားရမည်ဖြစ်သည်။

ကဗျာဖွဲ့နည်းများတွင် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ် ဟူသော ကဗျာအမျိုးအစား (၈) မျိုးကို ဖော်ပြထားသည်။ ထိုကဗျာ(၈)မျိုး၏ ဖွဲ့နည်းများကို ဖော်ပြရာတွင် သက်ဆိုင်ရာ ကဗျာအမျိုးအစား၏ အခေါ်အဝေါ် အဓိပ္ပာယ်များ၊ စပ်နည်းများ၊ သာဓက ပုံစံများ၊ လေ့ကျင့်ခန်းများ ပြည့်စုံစွာ ဖော်ပြထားသည်။ ကဗျာစပ်နည်း အမျိုးမျိုးအနက် ထူးခြားသည့် ကာရန်ယူစနစ်များ ဖြစ်သည့် ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန် ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်း၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ရန်အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ် စသည့် မြန်မာကဗျာဆိုင်ရာ သိမှတ်စရာများကိုလည်း လေ့လာမှတ်သားရမည် ဖြစ်သည်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)သည် ကဗျာကာရန်ယူပုံကို လက်တွေ့ပုံစံပြ ဖြေဆိုရသည့် မေးခွန်းဖြစ်သည်။ ကဗျာတစ်ပုဒ်ပေးထားပြီး ယင်းကဗျာ၏ အမျိုးအမည်ကို ဖြေရမည်ဖြစ်ပြီး ကာရန်စနစ်ကို သင်္ကေတဖြင့် ပြရမည်ဖြစ်သည်။ ကာရန်ယူပုံစနစ်ကို သင်္ကေတဖြင့် ရှင်းပြရာတွင် စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အခံပိုဒ်ဆုံး အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့ဖြင့် သင်္ကေတပြု ဖော်ပြရမည်ဖြစ်သည်။

- ❖ စာသား - -
- ❖ ပိုဒ်တွင်းကာရန် - *
- ❖ အချိုးသတ်ကာရန် - +

**မေးခွန်း(၄)** သည် မြန်မာစာပေသမိုင်းပြဋ္ဌာန်းချက်ကို စစ်မေးသည့် မေးခွန်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်း မြန်မာစာပေ သမိုင်းပြဋ္ဌာန်းချက်အနေဖြင့် ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် ခေတ်နှစ်ခေတ်ကို ပြဋ္ဌာန်းထားသည်။ မေးခွန်း (၄)တွင် (က) နှင့် (ခ) မေးခွန်းပုဒ်ခွဲ နှစ်ခု ပါဝင်ပါသည်။ မေးခွန်း (၄) (က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး (၄)(ခ)သည် ရှင်းလင်းတင်ပြ ဖြေဆိုရသော မေးခွန်းဖြစ်သည်။ မေးခွန်း (၄) (က) (၈)ခု မေးထားပြီး (၅) ခုဖြေရပါသည်။ ခေတ်နှစ်ခေတ်၏ စာပေဆိုင်ရာ အချက်အလက်များကို မေးပါသည်။ သာဓကအားဖြင့် ဘကြီးတော်လက်ထက် အင်္ဂလိပ်မြန်မာ စစ်ပွဲအပြီး ကာလကတ္တားတွင် ရုံးစိုက်ရသော မင်းကြီးမဟာစည်သူရေးသားသော ခရီးသွားမှတ်တမ်းကား အဘယ်နည်း။ နန်းစဉ်ပုဏ္ဏာအဖြေကျမ်းကို မည်သူရေးသနည်း။ ပထမ မြန်မာကာလပေါ် ဝတ္ထုအမည်ကို ဖော်ပြပါ စသည့်မေးခွန်းမျိုးဖြစ်သည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ဖြေဆိုရာတွင် တိတိကျကျ ဖြေဆိုရမည် ဖြစ်သည်။

မေးခွန်း(၄) (ခ) သည် မြန်မာစာပေသမိုင်းမှ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် နှစ်ခေတ်၏ ခေတ်အလိုက် စာပေထူးခြားချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးရသည့် မေးခွန်းဖြစ်သည်။ သာဓကအားဖြင့် ကုန်းဘောင်ခေတ် စကားပြေအခြေအနေကို လေ့လာတင်ပြပါ။ ကုန်းဘောင်ခေတ် ပြဇာတ်များအကြောင်းကို လေ့လာတင်ပြပါ။ ကိုလိုနီခေတ် ကဗျာလမ်းကြောင်းကို ဆွေးနွေးပါ စသည့်မေးခွန်းမျိုးဖြစ်ပါသည်။ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် စာပေသမိုင်း တစ်လျှောက် ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်များ၊ အလေးပေးပုံများ ပြောင်းလာပုံ၊ အကြောင်းအရာများ ကျယ်ပြန့်လာပုံ၊ စာဆိုများ စာပေပုံသဏ္ဌာန်များ တစ်စတစ်စ တိုးပွားလာပုံတို့ကို လေ့လာထားရမည် ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာသည် မေးခွန်း အပုဒ်ကြီး (၄)ပုဒ်သာ မေးမြန်းခြင်းဖြစ်ပြီး ပြဋ္ဌာန်းစာအုပ် (၄) အုပ်တွင် (၁) အုပ်လျှင် အပုဒ်ကြီး (၁) ပုဒ် မေးမြန်းထားခြင်း ဖြစ်သည်။ မေးခွန်းများကို ခြွင်းချန်ဖြေဆိုမည်ဆိုလျှင် အောင်မှတ်ရရှိရန် မလွယ်သဖြင့် ပြဋ္ဌာန်းစာ (၄) အုပ်ကို ခြွင်းချန် ကျက်မှတ်မရနိုင်ပေ။ စိတ်ကြိုက်မြန်မာစာတွင် ပြဋ္ဌာန်းထားသည့် စာအုပ် (၄) အုပ်စလုံးသည် စိတ်ဝင်စားဖွယ်ကောင်းပြီးမြန်မာစာပေ၏ အဆီအနှစ်များဖြစ်သည်။ သို့ဖြစ်ရာ စိတ်ကြိုက်မြန်မာစာယူထားသည့် ကျောင်းသူကျောင်းသားများအနေဖြင့် မိမိတို့ ရွေးချယ်ထားသည့် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ကျောင်းသင်ခန်းစာအနေဖြင့်သာမက အသုံးချဘာသာရပ်တစ်ခုအဖြစ် စိတ်ဝင်စားစွာ လေ့လာဆည်းပူးထားပါက စာမေးပွဲတွင် အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကြီးကို မိမိရည်မှန်းထားသည့်အတိုင်း ထူးချွန်ပေါက်မြောက် အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း ယခုပို့ချချက်ကို နိဂုံးချုပ်ပါသည်။



(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝင်းနှင့် မင်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**မင်းနန္ဒကျော်**

## ဗန်းမောက်မြို့ သဘာဝလိုဏ်ဂူများ၌ နို့တိုက်သတ္တဝါ လင်းနို့များတွေ့ရှိ

**ဗန်းမောက် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပင်းခါးကျေးရွာနှင့် နှစ်ဖာလုံကျော်ခန့်အကွာတွင် သဘာဝထုံးကျောက်နံရံလိုဏ်ဂူများအတွင်း၌ နို့တိုက်သတ္တဝါ အသားစားလင်းနို့များ နေထိုင်ကျက်စားလျက်ရှိကြောင်း တွေ့ရသည်။

လင်းနို့များသည် တစ်နှစ်လျှင် တစ်ကြိမ် သားပေါက်ကာ အမည်းမျိုး၊ အနီပုပ်ရောင်မျိုးနှင့် ဝါးလုံးထဲတွင်နေထိုင်သော မျိုးစိတ်ဟူ၍ သုံးမျိုးရှိသည်။ အဆိုပါနေရာတွင် လင်းနို့နေထိုင်ရာ လိုဏ်ဂူများစွာနှင့် လင်းနို့ချေးများစွာ တွေ့ရှိခဲ့ရပြီး ၎င်းတို့သည် အနှစ် ၃၀ ထိ အသက်ရှင်သန်နေထိုင်နိုင်သော သတ္တဝါဖြစ်သည်။

ယခုအခါ လူတို့သည် သစ်ခုတ်ခြင်း၊ တော မီးရှို့ခြင်းများ ပြုလုပ်လာကြသဖြင့် လင်းနို့မျိုးစိတ်များ ပျောက်ကွယ်စပြုလာ၍ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်ပြီး အသိပညာပေးခြင်း၊ ကန့်သတ်ဇုန်များ သတ်မှတ်ခြင်းစသည်တို့ ထိန်းသိမ်းပေးမည်ဆိုပါက မျိုးပွားလာနိုင်ကြောင်း ပင်းခါးကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

**ငွေအိုး (ကသာ)**



## မြန်မာ့သနပ်ခါးပွဲတော် ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့ ရှင်စောပုလမ်းဝင်ပေါက်အနီး ပြည်သူ့ရင်ပြင်ဝင်း၌ မြန်မာ့ရိုးရာ သနပ်ခါးပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင်ကျင်းပရာ လာရောက်လေ့လာသူများဖြင့် စည်ကားများပြားနေကြောင်း သိရသည်။

ပထမဆုံးကျင်းပသော သနပ်ခါးပွဲတော်ဖြစ်ပြီး လေ့လာသူများက သနပ်ခါးတုံးများကိုလေ့လာခြင်း၊ သနပ်ခါးလိမ်းခြင်း၊ နှစ်ချို့သနပ်ခါးပင်ကြီးများကို လေ့လာခြင်း၊ မြန်မာ့ရိုးရာ ပုသိမ်ထီးပြကွက်များ၊ ရိုးရာအသုံးအဆောင် ပစ္စည်းများနှင့် အလှဓာတ်ပုံများရိုက်ကူးခြင်းတို့ဖြင့် စည်ကားများပြားလျက်ရှိကာ သနပ်ခါးထုတ်ကုန်အမျိုးမျိုး သနပ်ခါးအဖွဲ့အစည်းပေါင်း ၃၀ လာရောက် ပြသရောင်းချကြသည်။

**အောင်မြင့် (မြန်/ဆက်)**

# မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဃ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ) နှင့် (တ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာသင်ကြားမှု လုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်ပြီးနောက်စာရင်းလုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင် သို့မဟုတ် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင်ကို ဆိုသည်။

(ဍ) **အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) လက်အောက်ခံကုမ္ပဏီအား စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ဆေးခြင်းလုပ်ငန်း၊

(၂) ဘဏ္ဍာရေးဆိုင်ရာ (မှုခင်းအပါအဝင်) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊

(၃) ဘဏ္ဍာရေးအခြေအနေ သုံးသပ်ခြင်းလုပ်ငန်း၊

(၄) စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှု စိစစ်သုံးသပ်ခြင်းလုပ်ငန်း၊

(၅) လွတ်လပ်သည့် ဌာနတွင်း စာရင်းစစ်ဆေးခြင်း အပါအဝင် သဘောတူညီထားသည့် အစီအစဉ်အတိုင်း စစ်ဆေးခြင်းလုပ်ငန်း၊

(၆) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာ ညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံလက်မှတ်ရေးထိုးခြင်းလုပ်ငန်း။

(ပ) **စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည် ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောင်စီကဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုသည့် စာရင်းပညာ၊ စာရင်းပညာနှင့် ဆက်စပ်သည့် ပညာရပ်များ သင်ကြားသည့် သင်တန်းကျောင်းကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (ဖ) ၏နောက်တွင် ပုဒ်မခွဲ (ဗ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဗ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်းဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)၊ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ထားချက်အရ အတည်ပြုချက်မလိုဘဲ ဆောင်ရွက်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် အပြန်အလှန်အသိအမှတ်ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ချုပ်ဆိုခြင်း၊

(င) စာရင်းလုပ်ငန်း လုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်း အရည်အသွေး ထိန်းသိမ်းရေးအစီအစဉ်နှင့်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန်နှင့် အသင်းသားများ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာ သတ်မှတ်ချက်များကို ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ တို့မှ တောင်းခံလာသောစာရင်းနှင့် စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊"

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ အခန်း (၈) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"အခန်း (၈)**
**ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် သင်တန်းများ"**

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီကအခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၉ အရ ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။"

၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၆ ၏ ခြေဆင်း၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ ၏ ခြေဆင်းနှင့် ပုဒ်မ ၃၆ တို့တွင်ပါရှိသော 'ကောင်စီ' ဆိုသည့်စကားရပ်ကို 'ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့်ကော်မတီ' ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၈ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ ပုဒ်မ ၂၇ နှင့်အညီ အသိအမှတ်ပြုထားသည့် ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်-"

၈။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ (က) ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို နိုင်ငံသားများသာ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီသည် ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းကိုင်သင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ခွင့်ပြုနိုင်သည်။"

၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်ဖြစ်စေ၊ တစ်ဦးချင်း ကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ် လုပ်ကိုင်လိုသူသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။"

၁၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၅။ ကောင်စီသည် အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် အစိုးရနှင့်လည်းကောင်း၊ ပုဂ္ဂလိကဌာနအဖွဲ့အစည်းနှင့်လည်းကောင်း နှစ်စဉ်ညှိနှိုင်းဆောင်ရွက်ရမည်။"

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၅-က။ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်း လုပ်ကိုင်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းလာပါက လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးနိုင်သည်။"

၁၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူနှင့် ကောင်စီက သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းကို လုပ်ကိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။"

၁၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၅၀ တို့တွင် ပါရှိသော 'အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း' ဆိုသည့်စကားရပ်ကို 'အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်' ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈ ၏ ခြေဆင်းနှင့် ပုဒ်မ ၈၂ တို့တွင်ပါရှိသော 'မြန်မာနိုင်ငံစာရင်းစစ် စံပြဋ္ဌာန်းချက်များပါ' ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ဋ) ၏နောက်တွင် ပုဒ်မခွဲ (ဌ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဌ) နိုင်ငံသားများသာ လုပ်ခွင့်ရှိသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမည်ကို နိုင်ငံခြား အဖွဲ့အစည်း၏အမည် သို့မဟုတ် အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အသုံးပြုခြင်း။"

၁၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၃။ မည်သူမျှ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ပါလုပ်ငန်းများနှင့်စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။"

၁၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၇ ၏နောက်တွင် ပုဒ်မ ၈၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၇-က။ မည်သူမျှ ပုဒ်မ ၃၂ ပါပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်ခြင်း မရှိဘဲ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။"

၁၈။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ပုဒ်မ ၈၈ ၏နောက်တွင် ပုဒ်မ ၈၈-က နှင့် ပုဒ်မ ၈၈-ခ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၈၈-က။ စာရင်းလုပ်ငန်းလုပ်ကိုင်သူမည်သူမျှ မမှန်ကန်သည့် ဘွဲ့ သို့မဟုတ် လက်မှတ်ကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ။

၈၈-ခ။ မည်သူမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်း မရှိဘဲ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်းမပြုရ။"

**စာမျက်နှာ ၁၈ သို့**

# ပုဗ္ဗသီရိမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံ ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၈ နာရီက ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပုဗ္ဗသီရိ ဈေးအနီး ဇဝနဒီပရပ်ကွက် သံလွင်လမ်းမကြီးဘေးရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ပြုလုပ်ရခြင်း အထိမ်းအမှတ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုသဘာပတိ အဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင် ဦးဝင်းထိန်၊ အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်တို့က ဗိုလ်ချုပ် ကြေးရုပ်တုနှင့် ပန်းခြံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကြေးရုပ်တုအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အဖြစ် ဥတ္တရခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပညာရေးနှင့် ပျဉ်းမနားမြို့နယ် ပန်းချီဆရာများ အသင်းတို့က ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများအား နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၃ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ဗိုလ်ချုပ်ကြေးရုပ်တုရှေ့၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်သည်။ ယနေ့ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေနှင့် နေပြည်တော်(၈)မြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ပုဗ္ဗသီရိမြို့နယ်ဒေသခံများ စုစုပေါင်းအင်အား ၉၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းအောင်**

## မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ၁၇ မှ

၁၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၄-က။ မည်သူမဆို ပုဒ်မ ၈၇-က ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄၅ ပါ 'မည်သူမဆို ပုဒ်မ ၈၈ ပါ ပြဋ္ဌာန်းချက်ကို' ဆိုသည့် စကားရပ်ကို 'စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၈-က ပါ ပြဋ္ဌာန်းချက်ကို' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၅-က။ မည်သူမဆို ပုဒ်မ ၈၈-ခ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းသည့် ငွေကြေးပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများ နှင့်အညီ လက်ခံ၍ သတ်မှတ်ချက်များအရ စီမံဆောင်ရွက်သည်။"

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အနုပညာသတင်း

## ဂျနီဖာအန်နစ်စတန်ရဲ့ မွေးနေ့ပါတီကို ဘရက်ပစ် တက်ရောက်




တစ်ချိန်က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်စုံတွဲ တစ်တွဲဖြစ်ခဲ့တဲ့မင်းသား ဘရက်ပစ်နဲ့မင်းသမီး ဂျနီဖာ အန်နစ်စတန်တို့ဟာ လတ်တလောမှာတော့ ပြန်လည် ဆုံစည်းခဲ့ကြတာ တွေ့ရပါတယ်။ လတ်တလော ကျင်းပခဲ့တဲ့ ဂျနီဖာအန်နစ်စတန်ရဲ့ အသက် ၅၀ ပြည့်မွေးနေ့ပါတီကိုတော့ ဘရက်ပစ်တက်ရောက်ခဲ့တာကို တွေ့ရကြောင်း ဟောလိဝုဒ် လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခု သီတင်းပတ်အကုန်မှာ ဂျနီဖာအန်နစ်စတန်ရဲ့ မွေးနေ့ကို ကယ်လီဖိုးနီးယားမှာ ပြုလုပ်ခဲ့ရာမှာတော့ ကြယ်ပွင့်တွေများစွာ တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဒီအထဲမှာ မင်းသားဘရက်ပစ်လည်း ပါဝင်နေတာဖြစ်ပါတယ်။

တစ်ချိန်က ဇနီးမောင်နှံတွေဖြစ်ခဲ့ဖူးကြတဲ့ သူတို့နှစ်ဦးရဲ့ ပြန်လည်တွေ့ဆုံမှုမှာတော့ ဘရက်ပစ်အနေနဲ့ ဂျနီဖာအန်နစ်စတန်ကို အားပေးချင်တာကြောင့်သာ တက်ရောက်ခဲ့တာဖြစ်ပြီး အခြားအကြောင်း မရှိဘူးလို့လည်း သိရပါတယ်။ ဂျနီဖာအန်နစ်စတန်က သူ့ရဲ့မွေးနေ့ တက်ရောက်ပေးဖို့ရာ ဘရက်ပစ်ကို ဖိတ်ကြားခဲ့ရာမှာတော့ မင်းသားကတော့ ဂျနီဖာကို ထောက်ပံ့ပေးလိုတာကြောင့် ပါတီကိုတက်ရောက်ဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဘရက်ပစ်ဟာ မင်းသမီး အန်ဂျလီနာဂျိုလီနဲ့လည်း တရားဝင်လမ်းခွဲခဲ့ပြီးဖြစ်ပါတယ်။ ဂျနီဖာအန်နစ်စတန်အနေနဲ့လည်း ဂျက်စတင်သရိုနဲ့ အပြီးသတ်ကွာရှင်းပြီးတဲ့ အခြေအနေပါ။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့တွေ့ဆုံမှုမှာတော့ အချင်းချင်း ပွေ့ဖက်နှုတ်ဆက်တာမျိုးရှိပေမယ့် စကားတောင် များများပြောခဲ့ကြတာ မတွေ့ရဘူးလို့ ဆိုပါတယ်။ ဒါကြောင့် သူတို့ယခုလိုတွေ့ဆုံတာ မိတ်ဆွေအဖြစ်သာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## Game of Thrones နောက်ဆုံးရာသီအတွက် ဓာတ်ပုံများထုတ်ဖော်ပြသ

HBO ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်တဲ့ ကျော်ကြားတဲ့ ရုပ်သံဇာတ်လမ်းတွဲ "Game of Thrones" ရဲ့ နောက်ဆုံးရာသီအတွက် ဓာတ်ပုံတွေကို လတ်တလောမှာတော့ ထုတ်ဖော်ပြသလာတာဖြစ်ကြောင်း အေးရှားဝမ်း ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ရှစ်ရာသီမြောက်နဲ့နောက်ဆုံးသောရာသီအဖြစ်ထုတ်လွှင့်သွားမယ့် "Game of Thrones" ဇာတ်လမ်းတွဲတွေအတွက် ဓာတ်ပုံကိုလတ်တလောမှာတော့ HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲသစ်တွေကို လာမယ့် ဧပြီ ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တာကြောင့် ပရိသတ်ရှေ့ ပို့ဆောင်နိုင်တော့မယ့် အချိန်ဟာလည်း နီးကပ်လာခဲ့ပြီဖြစ်ပါတယ်။

ဇာတ်လမ်းတွဲရဲ့နောက်ဆုံးရာသီမှာတော့ အပိုင်းခြောက်ပိုင်းပါဝင်နေတာဖြစ်ပြီး အဆုံးသတ်မှာတော့ ဘယ်သူတွေ ရှင်သန်ကျန်ရစ်မယ်ဆိုတာ ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

## တစ်ရက်တည်းနဲ့ BAFTA နဲ့ ဂရမ်မီ ဆုတွေကို လက်ခံရရှိခဲ့တဲ့ လေဒီဂါဂါ



အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါဟာ လတ်တလောမှာတော့ သူ့ရဲ့အနုပညာခရီးမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ တစ်ရက်တည်းမှာပင် အထင်ကရ ဆုပေးပွဲနှစ်ပွဲမှ ထူးချွန်ဆုတွေကို လက်ခံရရှိခဲ့တာဖြစ်ပြီး ဒီလိုရရှိခဲ့တာဟာ လေဒီဂါဂါက ပထမဆုံးဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဂရမ်မီ တေးဂီတဆုပေးပွဲမှာ ထူးချွန်ဆုသုံးဆု သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဒီဆုတွေအနက် နှစ်ဆုကိုတော့ သူ့ရဲ့နောက်ဆုံးရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် "A Star Is Born" ရဲ့ဇာတ်ဝင်တေး " Shallow" နဲ့ ရရှိခဲ့တာပါ။ အခြားသော ဆုတစ်ခုဖြစ်တဲ့ တစ်ကိုယ်တော်ပေါ့ပ် တေးသီချင်း ဖျော်ဖြေတင်ဆက်မှုဆုကိုတော့ သူ့ရဲ့ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " Joanne (Where Do You Think You're Goin'?) "နဲ့ ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဂရမ်မီဆုကို လက်ခံရရှိခဲ့ပြီး နာရီပိုင်းအတွင်းမှာပင် အခြားသော ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ " BAFTA Award" မှာလည်း ကိုယ်ပိုင်သံစဉ် တေးသီချင်းဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လေဒီဂါဂါဟာ တစ်ရက်တည်းမှာပင် ဂရမ်မီဆုနဲ့ " BAFTA Award " ဆုတွေကို လက်ခံရရှိခဲ့တဲ့ ပထမဆုံးသော တေးသံရှင်တစ်ဦး ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။

ဒီလို ထူးချွန်ဆုတွေ လက်ခံရရှိခဲ့တာနဲ့ပတ်သက်ပြီး လေဒီဂါဂါက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် အပျော်တွေကို မျှဝေဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ လေဒီဂါဂါ က သူ့အတွက် " Joanne" တေးသီချင်းနဲ့ ဂရမ်မီဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ သူသာမက သူ့မိသားစုတွေရဲ့ အိပ်မက်ဖြစ်ကြောင်း ထည့်သွင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# ရတနာတစ်ပါး မြန်မာပြည်မှာမွေးဖွား ထာဝစဉ်လေးစား ဂုဏ်ယူ

## ရွှေတိုး

မြန်မာနိုင်ငံမှာ ဟိုးရှေးရှေးက မွေးနေ့၊ မွေးရက် အထိမ်းအမှတ်လုပ်တဲ့ အစဉ်အလာ တွေ့ရခဲ့ပါတယ်။ အခုနောက်ပိုင်းကာလရောက်မှ လူပုဂ္ဂိုလ် အလိုက် မွေးနေ့အထိမ်းအမှတ်တွေ ပြုလုပ်လာကြတယ်လို့ ထင်မြင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မွေးနေ့မှာ အလှူအတန်းတွေ၊ ကောင်းမှုကုသိုလ်တွေ၊ ပျော်ရွှင်စရာ အထိမ်းအမှတ်တွေ လုပ်ကြတာဟာ ကောင်းတဲ့အလုပ်တွေ ဖြစ်တာကြောင့် ကြိုဆိုရမှာဖြစ်ပါတယ်။

မွေးနေ့ဆိုတာကတော့ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကိုယ်မွေးဖွားခဲ့တဲ့ နေ့ရက်ကို အသိအမှတ်ပြုလိုတဲ့အနေနဲ့ အထိမ်းအမှတ် လုပ်ကြတာပါပဲ။ မိတ်ဆွေအပေါင်းအသင်းတွေကို အသိပေးဖိတ်ကြားပြီး အလှူအတန်းတွေလုပ်ကြ၊ ဆုမွန်ကောင်းတွေတောင်းကြ၊ မွေးနေ့မွေးရက်က စလို့ နောင်နှစ်ပေါင်းများစွာ မွေးနေ့ရှင်အနေနဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ကောင်းခြင်းမင်္ဂလာတွေ ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ပေးကြလို့ မင်္ဂလာပါလို့ ဆိုရမှာဖြစ်ပါတယ်။

အခုတင်ပြလိုရင်း မွေးနေ့ကတော့ အများသူငါတွေနဲ့မတူတဲ့ တစ်တိုင်းပြည်လုံး ဂုဏ်ပြုလေးစားရတဲ့ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ပဲဖြစ်ပါတယ်။ ဒီမွေးနေ့ကတော့ အများသူငါနဲ့မတူတဲ့ မွေးနေ့ဖြစ်ပါတယ်။ ဗိုလ်ချုပ်ဆောင်ဆန်းနဲ့ သက်ဆိုင်တဲ့ တပ်မတော်နေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့ဆိုတဲ့ အစိုးရအသိအမှတ်ပြု အထိမ်းအမှတ်နေ့တွေအပြင် ဗိုလ်ချုပ်အောင်ဆန်းမွေးဖွားခဲ့တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဟာလည်း ထူးကဲမွန်မြတ်လှတဲ့ နေ့တစ်နေ့ဖြစ်တာကြောင့် တစ်တိုင်းပြည်လုံးရဲ့ အထိမ်းအမှတ်နေ့အဖြစ်နဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပြုလုပ်ပေးရမယ့် မွေးနေ့ဖြစ်ထိုက်ပါတယ်။

### 'ကလေးများနေ့' လို့ သတ်မှတ်ခဲ့

ဗိုလ်ချုပ်အောင်ဆန်းမွေးဖွားလာတဲ့ နေ့ရက်ဟာ နောင်ကာလမှာ ပြည်ထောင်စုရဲ့ အမြုတေနေ့ဖြစ်လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့



ပြည်ထောင်စုနေ့အပြီး ဖေဖော်ဝါရီလ ၁၃ ရက် ဖြစ်နေတာဟာ ထူးခြားမှုလို့ ဆိုရမှာဖြစ်ပါတယ်။ တစ်ခါဒီဘက်ကာလရောက်လာတဲ့အခါမှာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို 'ကလေးများနေ့' လို့ သတ်မှတ်ခဲ့ကြတာဟာလည်း ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နဲ့ တိုက်ဆိုင်အသိအမှတ်ပြုတာမို့ ထူးခြားမှုဖြစ်သလို လျော်ကန်သင့်မြတ်မှုလည်း ဖြစ်ပါတယ်။

ကလေးတွေဆိုတာဟာ နောင်အနာဂတ်တိုင်းပြည်ကို ပခုံးပြောင်းတာဝန်ယူကြမယ့် သားကောင်းရတနာတွေဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အဖူးအညွန့်လေးတွေဖြစ်ပါတယ်။ မောင်အောင်ဆန်းရယ်လို့ဖြစ်လာမယ့် သန္ဓေသားလောင်းလေးကို အဖ ဦးဖာ၊ အမိ ဒေါ်စုတို့က မကွေးခရိုင် နတ်မောက်မြို့မှာ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးဖွားသန့်စင်ပေးလိုက်နိုင်တာဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် မင်္ဂလာတစ်ပါးဖြစ်စေခဲ့ပါတယ်။ မောင်အောင်ဆန်းဆိုတဲ့ ကလေးငယ်လေးဟာ မွေးဖွားကြီးပြင်းလာပြီး သူရဲ့ပင်ကိုဗီဇနဲ့ ကြိုးစားအားထုတ်မှု၊ အမြော်အမြင်ကြီးမားမှု၊ စွန့်လွှတ်စွန့်စားမှုတွေကြောင့် လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာတာဟာ တိုင်းပြည်နဲ့ လူမျိုးအတွက်သာမက နိုင်ငံတကာအလယ်မှာပါ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်စေခဲ့ပါတယ်။

### အသိပေးမှုဝေပေးကြ

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့ကို အသိအမှတ်ပြု အလေးထား ဂုဏ်ပြုကြတဲ့ အထိမ်းအမှတ်ပွဲတွေကို နိုင်ငံတစ်ဝန်းလုံးမှာ ခြိမ့်ခြိမ့်သဲသဲ ပြုလုပ်ကြတာဖြစ်ပါတယ်။ ဒီကနေ့ဟာ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ဖြစ်တာနဲ့အညီ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်တောင်ကျေး ကလေးဘဝက အများတကာကလေးတွေနဲ့မတူတဲ့ တစ်မူထူးခြားတာတွေကိုလည်း သိရှိထားကြဖို့ လိုပါတယ်။ အထူးသဖြင့် ယနေ့ကလေးသူငယ်တွေ သိရှိနိုင်ဖို့၊ များများစားစား မှတ်သားထားဖို့ အသိပေးမှုဝေပေးကြရမှာ ဖြစ်ပါတယ်။

မြန်မာပြည်အလယ်ပိုင်း မကွေးခရိုင် နတ်မောက်မြို့လေးမှာ ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားခဲ့ခြင်းဟာ ပစ္စုပ္ပန်ခေတ် မြန်မာနိုင်ငံသမိုင်းအတွက် အဖိုးအထိုက်တန်ဆုံး ရတနာတစ်ပါးကို ရရှိလိုက်ခြင်းဖြစ်ပါတယ်။ ထိုစဉ်အခါတုန်းကတော့ မြန်မာပြည်သာမက ကမ္ဘာကျော်အောင်ထင်ရှားမယ့် ခေါင်းဆောင်တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှမထင်ခဲ့ကြပါဘူး။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးမှတ်တမ်းထဲမှာတော့ နာမည်ကျော်ဗေဒင်လက္ခဏာဆရာကြီး ကိုင်ရို၏ ဟောပြောချက်အရ ထိုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဟာ တိုင်းပြည်တစ်ပြည်ရဲ့ အစိုးရထီးနန်းကို ဖြိုဖျက်နိုင်စွမ်းရှိသူတွေ မွေးဖွားတတ်တယ်လို့ ရေးမှတ်ထားခဲ့တာဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိဘတွေဟာ သားသမီးတွေအပေါ် ပညာလိုလားသူတွေဖြစ်ပေမယ့် သားအငယ်ဆုံး အောင်ဆန်းကိုတော့ အချစ်ပိုအလိုလိုက်ခဲ့ပါတယ်။ ကျောင်းမသွားချင်ဘူးဆိုရင် နေလိုက်နဲ့ ဗိုလ်ချုပ်ဟာ ခုနစ်နှစ်အရွယ်အထိ ကျောင်းမနေဖြစ်ခဲ့ပါဘူး။ တစ်နေ့တော့ အစ်ကိုဖြစ်သူ ကိုအောင်သန်း ၁၁ နှစ်အရွယ်ရှင်ပြုတော့ ဝတ်ကောင်းစားလှတွေနဲ့ အရေးပေးကြတာကိုမြင်ကာ မောင်အောင်ဆန်းလည်း အားကျလာပြီး မိခင်ကို ရှင်လောင်းလုပ်ချင်ကြောင်း ပူဆာပါတယ်။ မိခင်က ရှင်လောင်းလုပ်ချင်ရင် စာတတ်ရမယ်လို့ဆိုတော့ မောင်အောင်ဆန်းက 'ကျောင်းနေတော့မယ်' ဆိုလို့ နတ်မောက်မြို့က ဆရာတော် ဦးသောဘိတ အထက်တန်းကျောင်းမှာ ကျောင်းသားလေး စဖြစ်လာပါတယ်။

မောင်အောင်ဆန်းဟာ ကျောင်းနေဖြစ်တဲ့အခါမှာ ပညာဘက်မှာ ဝါသနာပါပြီး စာကိုအထူးကြိုးစားပါတယ်။ ဉာဏ်ကလည်း မိဘမျိုးရိုးလိုက်သလားမသိ၊ အလွန်ကောင်းပါတယ်။ ငယ်ငယ်က အစားအသောက်ကို မက်မောပေမယ့် ကျောင်းမုန့်စားဆင်းချိန် အိမ်ကိုခဏပြန်ပြေး၊ ခပ်သုတ်သုတ်စားပြီး ကျောင်းကို ချက်ချင်းပြန်လာပါတယ်။ တခြားကလေးတွေ ဆော့ကစားနေချိန်မှာ မောင်အောင်ဆန်းဟာ ဖတ်စာအုပ်ဖတ်၊ လက်ရေးလှရေးလေ့ကျင့်တာပဲလုပ်ပါတယ်။ အခြားကျောင်းသားတွေထက် မှတ်ဉာဏ်၊ ထိုးထွင်းဉာဏ်ကောင်းတာကြောင့် ရှစ်နှစ်သားမှာ ကျောင်းစနေပြီး ၁၂ နှစ်သားအရွယ်မှာ မြန်မာစာလေးတန်းအောင်ခဲ့ပါတယ်။

ဒါနဲ့တင်အားမရသေးဘဲ အစ်ကို ဦးဘဝင်း၊ ကိုအောင်သန်းတို့ အင်္ဂလိပ်စာသင်တာကိုအားကျလို့ လေးတန်းစကောလားရှစ်စာမေးပွဲ ဝင်ဖြေမှာကို ပညာအုပ်က 'ငယ်သေးတယ်' ဆိုပြီး ခွင့်မပြုလို့ မောင်အောင်ဆန်း စိတ်လည်းပျက်၊ ဒေါသလည်းထွက်ခဲ့ပါတယ်။ အင်္ဂလိပ်ကျောင်းနေလိုတဲ့ မောင်အောင်ဆန်းရဲ့စိတ်ဟာ ပျောက်မသွားဘဲ ပိုလို့ပြင်းထန်လာပါတယ်။ အစ်ကို ဦးဘဝင်းနဲ့ ရေနံချောင်းအမျိုးသားကျောင်းမှာ အင်္ဂလိပ်စာသင်ခွင့်ပြုဖို့ မိဘကိုဇွတ်ပူဆာပါတယ်။ မိဘတွေက 'ကြီးမှပို့ပေးမယ်' လို့ ဖျောင်းဖျတာကို မကျေနပ်လို့ ထမင်းသုံးရက်မစားဘဲ အစာအငတ်ခံဆန္ဒပြပါတယ်။ နောက်ဆုံးတော့ မိဘတွေက လက်လျှော့ပေးပြီး ရေနံချောင်းကို ပို့ပေးလိုက်ရပါတယ်။ ဉာဏ်ကလည်းကောင်း၊ စာလည်းကြိုးစားလို့ အစိုးရစစ် သတ္တမတန်းစာမေးပွဲမှာ မြန်မာတစ်ပြည်လုံး ပထမစွဲပြီး ဦးရွှေခို ဆုတံဆိပ် ချီးမြှင့်ခံရပါတယ်။

### စာအဖတ်ဆုံး လူတစ်ယောက်

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်ကိုသဘာဝစရိုက်ကို လေ့လာမယ်ဆိုရင် ကျောင်းသားအရွယ် ငယ်စဉ်ကတည်းက ပေါ်လွင်ခဲ့တဲ့ သူ့စရိုက်နဲ့ ဝါသနာတွေကို မှတ်သားရမှာဖြစ်ပါတယ်။ စာဖတ်ဝါသနာပါတာကတော့ ငယ်ငယ်ကတည်းက



ပါပဲ။ အချိန်ရတိုင်း စာအုပ်နဲ့မျက်နှာမခွာဘဲ ကပ်နေပါတယ်။ စာဖတ်ဝါသနာပါတာဟာ သူကြီးပြင်းလို့ နိုင်ငံရေးခေါင်းဆောင်ဖြစ်လာတဲ့အထိ ပါလာပါတယ်။ စာအုပ်တစ်အုပ်ကို ဖတ်မိပြီဆိုရင် ထမင်းမစား၊ ဟင်းမစား၊ ထိုင်ရာမထ ဖတ်တော့တာပါပဲ။ ယနေ့ လက်ရှိကာလအထိ မြန်မာလူမျိုးထဲမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ စာဖတ်ဝါသနာအပါဆုံးနဲ့ စာအဖတ်ဆုံး လူတစ်ယောက်လို့ ပြောရမှာဖြစ်ပါတယ်။

### အတွေးအခေါ်တွေ ပေါ်ထွက်

ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့အချက်တွေမှာ လူအဖွဲ့အစည်းနဲ့ဖြစ်ဖြစ်၊ နိုင်ငံရေးအခြေအနေနဲ့ဖြစ်ဖြစ် ၎င်းရဲ့ အတွေးအခေါ်အယူအဆ ဒါမှမဟုတ် ၎င်း၏အမြင် ဖြစ်ပါတယ်။ ဒီအချက်ဟာ သာမန်အညာဒေသက လူရိုးလူအတစ်ယောက်ဘဝမှ ကမ္ဘာကျော်အောင်ထင်ရှားတဲ့ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်ကြီးဖြစ်အောင် ဖန်တီးပို့ဆောင်ပေးခဲ့တယ်လို့ ဆိုချင်ပါတယ်။ ငယ်စဉ်က အခြားကလေးတွေနဲ့ မဆော့မကစား၊ စာဖတ်ရင်ဖတ်၊ မဖတ်ရင် တစ်ယောက်တည်း ချောင်ကပ်တွေးတော ဆင်ခြင်နေတတ်တာဟာ ဗိုလ်ချုပ်ရဲ့ဦးနှောက်ထဲမှာ ပြဿနာအဖုံဖုံ၊ အကြောင်းကိစ္စအမျိုးမျိုးတွေနဲ့ပတ်သက်လို့ ဆန်းသစ်တဲ့အမြင်၊ အယူအဆ၊ အတွေးအခေါ်တွေ ပေါ်ထွက်လာစေပါတယ်။ (ဗိုလ်ချုပ်ဟာ လွတ်လပ်မှု၊ အမှန်တရားနဲ့ ဖြောင့်မတ်မှန်ကန်မှုတို့ကို မြတ်နိုးသူဖြစ်တယ်။ စကားကို လိမ်ညာမပြော၊ ဟုတ်တိုင်းမှန်ရာကို တဲ့တိုးပြောတတ်သူဖြစ်ပါတယ်။)

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး ဗိုလ်ချုပ်ရဲ့ ဒုတိယသား အောင်ဆန်းလင်းဟာ အခြားကလေးတွေထက်ပိုပြီးဆိုးချင်၊ ဆော့ချင်လို့ မိခင်ဒေါ်ခင်ကြည်က 'ဒီကောင်လေးသိပ်ဆိုးတာပဲ၊ အငြိမ်ကိုမနေဘူး' ဟု ဆိုလိုက်ရာ ဗိုလ်ချုပ်က 'ဟော့ ငါ့ကလေးတွေ ဆိုးချင်ဆိုးပါစေကွာ၊ အရေးကြီးတာက ကလေးဆိုတာ ကိုယ်ကျင့်တရားကောင်းဖို့ရယ်၊ မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားဖို့ရယ်၊ ဒါပဲလိုတယ်' လို့ သူ့ကိုယ်သူနဲ့ နှိုင်းယှဉ်ပြီး သူလိုလားမျှော်မှန်းတဲ့ ယောကျ်ားကောင်းတို့ရဲ့ ဂုဏ်အင်္ဂါကို ထုတ်ဖော်ပြောခဲ့ပါတယ်။

ဗိုလ်ချုပ် လေးနှစ်သားအရွယ်ခန့်ကလည်း တစ်နေ့မှာ မိခင်ဒေါ်စု တောမှ စပါးလာဝယ်သူတွေနဲ့ အရောင်းအဝယ် ဈေးစကားပြောကြရာ အမေစုက ' ကဲ ဒီစပါးတွေကို မင်းတို့လိုချင်ရင် ၅ဝိ ဈေးနဲ့ပဲ ပေးလိုက်ပါမယ်၊ ငါဝယ်တုန်းက ၆ဝိ ဈေးတောင်ပေးရတယ်' လို့ပြောဆိုနေစဉ် အနီးနားမှာ ကစားနေတဲ့ မောင်အောင်ဆန်းက ' အမကလည်း မဟုတ်တာပြောရော့မယ်။ ခင်ဗျား ၅ဝိ ဈေးနဲ့ဝယ်ထားတာ ကျွန်တော်အသိသားနဲ့၊ မှန်တာပြောပါဗျာ၊ လိမ်တာမကောင်းဘူး' လို့ တဲ့တိုးကြီးဝင်ပြောလိုက်တော့ ဘေးကလူတွေ ရယ်မောသဘောကျသလောက် ဧည့်သည်တွေပြန်သွားတဲ့အခါ အောင်ဆန်းလေးမှာ မိခင်ကြီးရဲ့ ပေါင်တွင်းကြောလိမ်ဆွဲတာကို ခံလိုက်ရပါတယ်။

ဒါပေမယ့် မောင်အောင်ဆန်းမှာ အလျှော့မပေး။ 'အမက လိမ်ပြောတာကိုဗျ' လို့ မိခင်ကြီးကို ဆင်ခြေပြန်ကန်ခဲ့ပါတယ်။ (အညာကျေးလက်ဒေသတွင် အမေကို အမ၊ ခင်ဗျားနှင့်ကျွန်တော် ပြောသည့်အလေ့အထ ရှိကြပါသည်။)

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ငယ်စဉ်ဘဝ ပင်ကိုစရိုက်နဲ့ စိတ်ထားတွေဟာ ဗိုလ်ချုပ်အသက်ထက်ဆုံး တည်မြဲပေါ်လွင်နေခဲ့တာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ကလေးများနေ့နဲ့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ တစ်ထပ်တည်းကျတဲ့ ဒီလိုနေ့ထူးနေ့မြတ်ရက်ထပ်မှာ ကနေ့မျိုးဆက်သစ်ကလေးသူငယ် လူငယ်လူရွယ်တွေအနေနဲ့လည်း မောင်အောင်ဆန်းလို ကြိုးစားအားထုတ်မှု၊ ရိုးသားဖြောင့်မတ်မှု၊ ဇွဲ၊ လုံ့လ၊ သတ္တိရှိတဲ့ စိတ်ဓာတ်တွေကို လေးစားဂုဏ်ယူ အတုယူအားကျကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

> **ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်ကိုသဘာဝစရိုက်ကို လေ့လာမယ်ဆိုရင် ကျောင်းသားအရွယ် ငယ်စဉ်ကတည်းက ပေါ်လွင်ခဲ့တဲ့ သူ့စရိုက်နဲ့ဝါသနာတွေကို မှတ်သားရမှာဖြစ်ပါတယ်။ စာဖတ်ဝါသနာပါတာကတော့ ငယ်ငယ်ကတည်းကပါပဲ။ အချိန်ရတိုင်း စာအုပ်နဲ့မျက်နှာမခွာဘဲ ကပ်နေပါတယ်။ စာဖတ်ဝါသနာပါတာဟာ သူကြီးပြင်းလို့ နိုင်ငံရေးခေါင်းဆောင်ဖြစ်လာတဲ့အထိ ပါလာပါတယ်။ စာအုပ်တစ်အုပ်ကို ဖတ်မိပြီဆိုရင် ထမင်းမစား၊ ဟင်းမစား၊ ထိုင်ရာမထ ဖတ်တော့တာပါပဲ။ ယနေ့ လက်ရှိကာလအထိ မြန်မာလူမျိုးထဲမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ စာဖတ်ဝါသနာအပါဆုံးနဲ့ စာအဖတ်ဆုံး လူတစ်ယောက်လို့ ပြောရမှာဖြစ်ပါတယ်**




## ၂၇-၁-၂၀၁၉ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၈)တွင်ပါရှိသည့် "ဦးတင်ရွှေ၊ ဒေါ်ဆာရီဖာဘီ ဇနီးမောင်နှံနှင့် သက်ဆိုင်သူများသိစေရန် သတိပေးတားမြစ်ခြင်း" ကြေညာချက်နှင့်ပတ်သက်၍ ညွှန်ကြားသူ ဦးဘဆွေ၊ ကြေညာသူ တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းကြည်မေ(စဉ်-၇၃၂၁)၊ သက်ဆိုင်သူများနှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းသတိပေး ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၃၃၈)နေ ဦးတင်ရွှေ(ISN-542376)၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

၂၇-၁-၂၀၁၉ရက်စွဲပါ ကြေးမုံသတင်းစာကြေညာချက်အပိုဒ်(၁)ပါ ၂၀-၁-၂၀၀၅ရက်စွဲ ကြေးမုံသတင်းစာ(၁၀)ပါ "သတိပေးတားမြစ်ချက်"သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀/ကံဘဲ့)၊ ဦးပိုင်အမှတ်-၂၆၊ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ခြံအမှတ်(၂)၊ ပါရမီလမ်း၊ အမှတ်(၁၀)ရပ်ကွက်ဟု ဖော်ညွှန်းကြေညာချက်ဖြစ်ပြီး မည်သည့်အရပ်ဒေသတွင် သက်ရှိထင်ရှားနေထိုင်သည် မသိသော ဦးဂျေအက်(စ်)လမေ့(ချ်)၏ ညွှန်ကြားချက်အရဟုဖော်ပြ၍ တရားလွှတ်တော်ရှေ့နေ ဦးတင့်ဆန်း(စဉ်-၅၄၆၆)မှ ရုံးခန်းနှင့်လိပ်စာမပါရှိဘဲ ကြေညာချက်တစ်ရပ်ဖြစ်ကြောင်းနှင့် ယခု ၂၇-၁-၂၀၁၉ကြေညာသည့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်-၂၁၊ ဘိုးဘွားပိုင်မြေကွက်ကို ကြေညာထားခြင်းမဟုတ်ကြောင်း ဦးဘဆွေသိရှိပါလျက်လည်းကောင်း၊ ရည်ညွှန်းပါ ယင်း ၂၀-၁-၂၀၀၅ရက် ကြေးမုံသတင်းစာ ကြေညာချက်ကို မြင်တွေ့သိရှိပါလျက် မျက်ကွယ်ပြု၍ တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းကြည်မေမှ မမှန်မကန်ကြေညာခဲ့ကြောင်း ညွှန်ကြားသိရှိရပါသည်။

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်-၂၁၊ ဘိုးဘွားပိုင်မြေအဖြစ် (က)ရပ်ကွက်၊ စကားဝါလမ်းထိပ်နှင့် နှင်းဆီကုန်းလမ်း၊ အမှတ်(၄၇)မြေနေအိမ်ရှိ ဒေါ်လှလှရီပါ မောင်နှမ(၅)ဦးအပေါ် ရွှေစံအိမ်ဆောက်လုပ်ရေး မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်ရွှေက ညွှန်ကြား၍ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်ဇံ (စဉ်-၄၆၉၂)က ၁၃-၉-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာဖြင့် ကြေညာရာတွင် ကန်ထရိုက်တာညွှန်ကြားသူနှင့် မသက်ဆိုင်သည့်မြေရှင်(အမည်ဖော်ပြမပါ)၏ အကျိုးကိုစွရပ်များကို ထည့်သွင်းကြေညာလာကြောင်းနှင့် ၆-၉-၂၀၁၄ရက် ကျွန်ုပ်တို့၏အမှုသည်နှင့် ကန်ထရိုက်တာ ဦးမြင့်ရွှေတို့ ကန်ထရိုက်အဆောက်အဦ ဆောက်လုပ်ရာတွင်လည်း ဦးဘဆွေသည် မမှန်မကန်မြေရှင်အဖြစ် ကန်ထရိုက်နှင့် ပူးပေါင်းခြိမ်းခြောက်၍ တိုက်ခန်းအကျိုးအမြတ်ရယူချုပ်ဆိုစေခဲ့ခြင်းဖြစ်ကြောင်းကို ၂၁-၉-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်လှလှရီ၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေများဖြစ်သော ဦးဟန်တင်(စဉ်-၃၉၆၉)၊ ဦးဇော်မြင့်ထွန်း(စဉ်-၂၃၆၅၅)နှင့် ဒေါ်ခင်သူဇာအောင်(စဉ်-၄၄၂၆၅)တို့၏ အကြောင်းပြန်ကြားအသိပေးကြေညာချက်အရ ရှင်းလင်းစွာသိရှိရကြောင်း ညွှန်ကြားလာပါသည်။

ယင်းကြေညာချက်အရ ၂၇-၁-၂၀၁၃ရက်နှင့် ၁၀-၃-၂၀၁၃ရက်စွဲများဖြင့် မြန်မာ့အလင်းသတင်းစာတွင် မြေရှင်ဆိုသူ ဦးဂျေအက်(စ်)လမေ့(ချ်)၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်ဇံ၏ ကြေညာချက်များနှင့် ဒေါ်လှလှရီ၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးဟန်တင်၏ သတိပေးကြေညာချက်များကို ပြန်လည်ဖတ်ရှုသိရှိရကြောင်းနှင့် ၅-၇-၂၀၁၄ ရက်တွင် ဒေါ်လှလှရီအပါအဝင် မောင်နှမ(၅)ဦးကိုလည်း မြေရှင်ဆိုသူ မိုဟာမက်ကာဆင်(ခ)ဦးဘဆွေ၊ ကန်ထရိုက်တို့ ပူးပေါင်းအကြပ်ကိုင်၍ ကျွန်ုပ်တို့၏အမှုသည်ကဲ့သို့ပင် ခြိမ်းခြောက်၍ အကျိုးအမြတ် အခန်းရယူချုပ်ဆိုခဲ့ရသည်ကို သိရှိလာပါကြောင်း ညွှန်ကြားသိရှိရပါသည်။

ယခုတစ်ဖန် ၆-၉-၂၀၁၄ရက်စွဲပါ စာချုပ်တွင် မြေနေအိမ်ပိုင်ရှင် ကျွန်ုပ်တို့၏အမှုသည် ဦးတင်ရွှေနှင့် ကန်ထရိုက်တာဦးမြင့်ရွှေတို့ချုပ်ဆိုသည့် စာချုပ်တွင် မြေရှင်အမည်ခံ၍ အထက်ဖော်ပြပါအတိုင်း ဝင်ရောက်ပါဝင်ခဲ့ခြင်းအပေါ် အခွင့်အရေးရယူလျက် မြေနေအိမ်ပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ ၆-၉-၂၀၁၄ရက်နေ့ နောက်ပိုင်း ကန်ထရိုက်တာမှ ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်စာချုပ်အပေါ် (၅)နှစ်ခန့်ကြာမှ ကျွန်ုပ်တို့၏အမှုသည် အကျိုးစီးပွားထိခိုက်နစ်နာစေရန်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ကန့်ကွက်တားဆီးပိုင်ခွင့်မရှိဘဲ ယခုကဲ့သို့ သတင်းစာဖော်ပြကြေညာ၍ ပိတ်ပင်တားဆီးခြင်းကြောင့် ကျွန်ုပ်တို့၏အမှုသည် ဂုဏ်သိက္ခာထိခိုက်နစ်နာဆုံးရှုံးမှုများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်ရှိကြောင်း တုံ့ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

၂၇-၁-၂၀၁၉ရက်စွဲပါ ကြေးမုံသတင်းစာကြေညာချက်ကို ညွှန်ကြားသူ ဦးဘဆွေသည် ၎င်းအကျိုးစီးပွားအမြဲပြုရယူလိုသော ဦးဂျေအက်(စ်)လမေ့(ချ်)နှင့် ဆက်စပ်သိရှိချက်များဖြစ်သည့် ၂၀-၁-၂၀၀၅ ကြေးမုံသတင်းစာနှင့် ၂၇-၁-၂၀၁၃၊ ၁၈-၂-၂၀၁၃၊ ၁၀-၃-၂၀၁၃၊ ၁၃-၉-၂၀၁၄၊ ၂၁-၉-၂၀၁၄၊ ၂၅-၉-၂၀၁၄ မြန်မာ့အလင်းသတင်းစာများပါ ကြေညာချက်များအား ထိမ်ချန်လျက် မမှန်မကန် ညွှန်ကြား၍ ကြေညာခဲ့ခြင်းအပေါ် ကျွန်ုပ်တို့၏အမှုသည်က တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဟန်တင်(B.A,H.G.P)** | **ဦးဇော်မြင့်ထွန်း(LL.B)** | **ဒေါ်ခင်သူဇာအောင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၃၉၆၉)** | **(စဉ်-၁၁၈၂၉)** | **(စဉ်-၁၅၁၉၆)** |
| **ဖုန်း-၀၉-၄၄၈၀၁၉၄၄၅** | **ဖုန်း-၀၉-၄၂၀၀၉၉၁၄၈** | **ဖုန်း-၀၉-၄၂၈၀၄၉၁၄၁** |

**အမှတ်-၅၆၁၊ (MAC Tower)၊ တတိယထပ်၊ အခန်း(၃၀၂)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အုတ်ဖိုမြို့နယ်၊ စမ်းကြီးကုန်းကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီးဒေါ်နုနုလွင် သိရှိစေရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ တောင်ဘီလူကျောင်းတွင် သီတင်းသုံးတော်မူသော ဦးသီလာစာရထံမှ ရယူထားသည့် ငွေ(၈)သိန်းကျပ်အား ပေးရန်ပျက်ကွက်နေကြောင်း သိရှိရပါသည်။ သို့ပါ၍ ၃၁-၁-၂၀၁၉ရက် နောက်ဆုံးထား၍ ဆရာတော်ထံဖြစ်စေ၊ ကျွန်ုပ်တို့ထံဖြစ်စေ၊ မပျက်မကွက် ပေးရန် အကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီသာ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

**ဦးသီလာစာရ၏ ညွှန်ကြားချက်အရ-**

| | |
|---|---|
| **စလင်းဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **(စဉ်-၃၄၃၂)** | **(စဉ်-၉၇၆၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဦးဝင်းမိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၁၆၁)**
**အမှတ်-၂၂၃(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ကေခိုင်မြတ်[၁/မကန(နိုင်)၀၈၃၂၇၇] နှင့် သက်ဆိုင်သူများသိစေရန်

ဒေါ်ကေခိုင်မြတ်သည် အစ်ကို၊ အစ်မဖြစ်သူတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ အစ်ကိုအစ်မတို့၏ မိသားစုဂုဏ်သိက္ခာ ညှိုးနွမ်းအောင် အသရေဖျက်ခြင်း၊ ဆွေမျိုးသားချင်း ခွင့်မလွှတ်နိုင်သည့်အပြုအမူများကို တမင်ပြုမူလုပ်ဆောင်ခြင်းတို့ကြောင့် ၎င်းအား သွာနုတ္တသမီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းထူး-ဒေါ်မြသန္တာထွေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စန္ဒာထွန်း(LL.B)** | **ဒေါ်ခိုင်ဇင်သက် (LL.B,LL.M)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၅၉၄၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၃၁၉)** |

**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420448599,09-250101052**

## ဖခင်အမည်မှန်

ပုသိမ်မြို့ အထက(၈) နဝမတန်း(B) မှ မောင်ကျော်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးညွှန့် [၁၄/ပသန(နိုင်)၁၁၁၉၀၇] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း(၃)၊ မြေကွက်အမှတ်-၁၄၂၉၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ပြုံးအမည်ပေါက်ပါမစ်မြေကွက်အား ဦးသန့်လွင်ဦး(ဘ) ဦးလှထွေး[၈/ပဖန(နိုင်)၀၀၄၅၇၇]မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၉/က(ဖော့ကန်)၊ မြေကွက်အမှတ်-၉၀၏ အစိတ်အပိုင်း၊ ဧရိယာ ၀.၈၀၂ ဧက၏ တစ်စိတ်တစ်ဒေသ (၀.၀၇၀ ဧက)၊ မြေကွက်တည်နေရာအမှတ်-၈/၁၀၊ သီရိမင်္ဂလာလမ်းသွယ်၊ (၁၅)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဦးပေါ်သီး၊ မငွေစိန်) အမည်ပေါက်မြေပိုင်မြေ (၃/ခပေးပြီးကျန်မြေ) မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇၈/၁၈ ဖြင့် အိမ်ရာမြေ(၃/က) လျှောက်ထားပေးရန်နှင့် မြေကွက်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု၏ ၂၁-၆-၂၀၁၈ရက်စွဲပါ တရားရုံးစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၈၃/၂၀၁၈ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘီလစ်ဒေါ်ထက်ထက်အောင် [၆/မမန(နိုင်)၁၅၁၁၄၂]မှ ၃(က)လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၅-လှဲကွဲစမ်း၊ မြေကွက်အမှတ်-၁၀၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၁.၂၄၁)ဧက၏ တစ်စိတ်တစ်ဒေသ (၀.၀၉၇ဧက)၊ မြေကွက်တည်နေရာအမှတ်-၄၉၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (မဖော့အူ) အမည်ပေါက်-B-မြေအား အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၅၇/၂၀၁၈ဖြင့် မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃(က) လျှောက်ထားပေးစေလိုမှု၏ ၂၅-၉-၂၀၁၈ ရက်စွဲပါ တရားရုံးစီရင်ချက်၊ ဒီကရီ၊ တရားမဇာရီမှုအမှတ်-၂၈/၂၀၁၈ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၇-၁၀-၂၀၁၈ ရက်စွဲပါတရားရုံး နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ၁၇-၁၀-၂၀၁၈ရက် ဘီလစ်ခန့်အပ်စာတင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး[၁၂/အစန(နိုင်)၁၂၂၁၄၄]မှ ၃(က) လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၇-လှဲကွဲစမ်း၊ မြေကွက်အမှတ်-၁၆၀၏တစ်စိတ်တစ်ဒေသ ဧရိယာ-၃.၀၁၀၆ဧက၏ တစ်စိတ်တစ်ဒေသ(၀.၁၀၄ဧက)၊ မြေကွက်တည်နေရာအမှတ်-၄၉၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် [ကိုကျော်(သေ)၊ မလှကြီး] အမည်ပေါက် Bမြေအား အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၅၇/၂၀၁၈ ဖြင့် မြေနှင့်အိမ် အရောင်းအဝယ် စာချုပ်မှတ်ပုံတင် ပေးစေလိုမှုနှင့် ၃(က)လျှောက်ထားပေးစေလိုမှု၏ ၂၅-၉-၂၀၁၈ ရက်စွဲပါ တရားရုံးစီရင်ချက်၊ ဒီကရီ၊ တရားမဇာရီမှု အမှတ်-၂၈/၂၀၁၈ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၇-၁၀-၂၀၁၈ ရက်စွဲပါတရားရုံး နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ၁၇-၁၀-၂၀၁၈ရက် ဘီလစ်ခန့်အပ်စာတင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး[၁၂/အစန(နိုင်)၁၂၂၁၄၄]မှ ၃(က)လက်မှတ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၂၅၆၊ အလျား×အနံ ပေ(၂၀×၆၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအုန်းလှိုင်[၁၂/ရပသ(နိုင်)၀၁၁၈၄၄]ထံမှ ကျွန်ုပ် ဒေါ်သက်သက်ထွေး[၁၂/ဥကတ(နိုင်)၁၉၇၀၄၆]မှ အလျား×အနံ ပေ(၂၀×၆၀) အကျယ်ရှိ ဂရန်မြေကို ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်သည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်သက်သက်ထွေး[၁၂/ဥကတ(နိုင်)၁၉၇၀၄၆]**
**အမှတ်-၅၀၀(ခ)၊ သုတ (၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-971242566**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၅၁၈)ဟုခေါ်တွင်သော ပေ (၂၈×၅၅) အကျယ်အဝန်းရှိ (၂)ခန်းတွဲ(၈)ထပ်တိုက်၏ မြေညီထပ်+ထပ်ခိုး(ခြေရင်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသောင်းကျော်[၁၂/ဗဟန(နိုင်)၀၃၇၈၇၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄)၊ ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)၊ ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၁၁၅၇၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂၊ ၀၉-၄၃၁၁၅၄၃၂**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီမြိုင်(ခ)ချိုချို(ဘ)ဦးထွန်းရီ[၁၂/ရကန(နိုင်)၀၅၁၉၆၉]၊ အမှတ်(တတ-၄၃)၊ အနော်ရထာလမ်း၊ မန္တလေးတိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်မီမီမြိုင်(ခ)ချိုချိုနှင့် ဦးခင်မြင့်(ခ)ကိုချစ်(ဘ)ဦးကျော်အေး[၁၂/ကမရ(နိုင်)၀၁၅၄၀၈]တို့သည် (၁၉၈၇)မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်မီမီမြိုင်(ခ)ချိုချိုနှင့် ဦးခင်မြင့်(ခ)ကိုချစ်တို့သည် မည်သည့်တရားရုံး၊ မည်သည့်အဖွဲ့အစည်းတို့တွင် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါကြောင်းနှင့် ဦးခင်မြင့်(ခ)ကိုချစ်၏ တရားဝင်ဇနီးမှာ ဒေါ်မီမီမြိုင်(ခ)ချိုချို သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝင့်ဝင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၄၃)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးရှေ့**
**Ph:09-425011699,09-420919126**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၂၇)၊ မြေကွက်အမှတ်(၁၇၉)၊ (၅/၂) ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၁၇၉)ဟု ခေါ်တွင်သော (အလျားပေ ၄၀×အနံပေ ၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ကျော်နိုင် (CHK-131923) အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အဆိုပါ အိမ်ခြံမြေကို ဦးကျော်ကျော်နိုင်ထံမှ အဆင့်ဆင့်တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကျော်တင့်[၁၂/လမန(နိုင်)၀၁၇၄၆၇]ထံမှ ဦးသန်းစိုး[၁၂/လမန(နိုင်)၁၁၃၃၆၈] က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနှစ်(၆၀)ဂရန်မြေကွက်+အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၀၈၂၀၊ ၀၉-၉၆၅၁၈၀၈၂၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၄၈၃/ခ)၊ ၁-ခန်းတည်း RC(၆)ထပ်တိုက်မှ ၄-လွှာ၊ ဧရိယာ(၉၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ K-C & Win Construction Co.,Ltd(ဒါရိုက်တာ) ဦးနေမင်းမောင်[၁၂/လမန(နိုင်)၁၄၂၁၄၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မျိုး[၅/ကဘလ(နိုင်)၁၄၀၉၃၉]၊ ဒေါ်ရတနာမြင့်[၅/ကဘလ(နိုင်)၀၀၀၀၂၀]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မျိုးနှင့် ဒေါ်ရတနာမြင့်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ် သူဇာကျော်** | **ဒေါ် ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃)** |
| **Ph-09-450023651** | **Ph-09-254508917** | **Ph-09-421157856** |

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါက်တာဦးသောင်းထွန်း

**မေ့ဆေးဆရာဝန်ကြီး၊ ဦးနှောက်နှင့်အာရုံကြောဌာနမှူး(ငြိမ်း)**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ ရွှေဟင်္သာလမ်း၊ အမှတ်(၅၉/ခ)နေ (ဦးမြ-ဒေါ်ထူးမေ)တို့၏သား၊ (ဦးမြင့်ခိုင်)၊ ဒေါ်မြင့်မြင့်ရီတို့၏ညီ/မောင်၊ ကိုညိုထွန်း-မနေခြည်နှင်းပွင့်လှိုင်၊ မသွယ်-ကိုအောင်မျိုးနိုင်တို့၏ဖခင်၊ ဒေါ်ခင်အေးမြင့်၏ခင်ပွန်းသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဝတ်ပြု ဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ညွန့် (စစ်ကိုင်း)

**အသက် (၉၃) နှစ်**

စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဒေါ်ညွန့်ညွန့်သည် ၈-၂-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းအသင်း (ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်စိန်

**ငွေကိုင်ချုပ်-ငြိမ်း၊ ကမ်းနားဟိုတယ်**

**အသက် (၈၃) နှစ်**

ဒေါ်သင်းသင်းအေး(လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)၏ဖခင် ဦးအောင်စိန်သည် ၁၀-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ကျေးဇူးတင်ရှိခြင်း

၃-၂-၂၀၁၉ ရက်၊ (တနင်္ဂနွေနေ့)၌ ကွယ်လွန်ခဲ့သော ဒေါ်မေမေတင်(ထားဝယ်)၏ ဈာပနသို့ ပို့ဆောင်ပေးကြသော၊ လွမ်းသူ့ပန်းခွေများ ပေးပို့ကြသော၊ နေအိမ်သို့ လာရောက်ကြသော၊ ရပ်နီးရပ်ဝေးမှ ဆက်သွယ်ကြသော ဆွေမျိုးများ၊ ရောင်းရင်း မိတ်ဆွေ သင်္ဂဟများအားလုံးတို့အား ကျန်ရစ်သူခင်ပွန်း၊ သား သမီး လေးဦးနှင့် မြေးနှစ်ဦးတို့မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

---

ဘုရား၊ သိမ်၊ ကျောင်း၊ မြေ ဒါယကာကြီး

## ဒုဗိုလ်မှူးကြီးတင်လေးအောင်

**က-၈၀၂၁၊ ငြိမ်း၊ ညွှန်မှူး၊ စက်မှုသတ္တု**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြဟေဝန်လမ်း၊ ဝန်ထမ်းကြီးများရပ်ကွက်၊ (၃၀/၁၅၆)နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မှန်ရဝေလမ်း၊ အမှတ်(၅၇)၊ ငါးလွှာနေ (ဦးဘိုးရင်-ဒေါ်စောကြည်)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်ငွေကြည်)တို့၏ သားသမက်၊ ဒေါ်တင်တင်မြင့်၏ ခင်ပွန်း၊ (ဦးဝင်းမြင့်အောင်)၊ ဒေါ်ခင်လေးမြင့်(U.S.A)၊ ဦးသက်မင်းအောင်-ဒေါ်ကြူကြူဌေး(U.S.A)၊ ဦးဝင်းထွဋ်အောင်-ဒေါ်တိုးတိုးလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်များသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ဌေး

**အသက် (၈၅) နှစ်**

**B.A(Ed), B.Ed**

**ကျောင်းအုပ်ဆရာမကြီး၊ အလက(၂)၊ မင်္ဂလာတောင်ညွန့် (ငြိမ်း)**

မန္တလေးမြို့နေ (ဦးစံလှ-ဝက်မစွတ်ခင်ခင်ဆွေ)တို့၏သမီးငယ်၊ တောင်ကြီးမြို့နေ (ဦးမောင်ကြီး-ဒေါ်ဒေါ်လှိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ကံ့ကော်မြိုင်လမ်း၊ ခြံအမှတ်(၁၂)နေ [ဒေါက်တာဦးကိုကိုကြီး(ဒုညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)]၏ ချစ်လှစွာသောဇနီး၊ မန္တလေးမြို့နေ (ဦးခင်မောင်ဦး-ဒေါ်ကြင်စိန်)၊ ရန်ကုန်မြို့နေ (ဦးခင်မောင်ဖြူ-ဒေါ်နုနု)၊ (ဗိုလ်မှူးအေးမောင်-ဒေါ်ခင်ခင်တင့်)၊ (ဦးအောင်ကြည်)-ဒေါ်ခင်ခင်မတို့၏ချစ်လှစွာသော ညီမငယ်၊ ဒေါ်မိုးခင်ခင်လှိုင်(အ.ထ.က-၂၊ ရန်ကင်း)၊ ဒေါ်တိုးခင်ခင်ခိုင်(Amara Hotel နှင့် Grand Amara Hotel၊ နေပြည်တော်)၊ ဒေါက်တာ ယုဇနဥာဏ် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သကျဓီတာဗုဒ္ဓကောလိပ်နှင့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်ကျော်ခိုင်လင်း၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၁-၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ စ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိကြောင်း

၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ဂရန်(ဒ်)ဟံသာ ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးအောင်သန်းဦး(Schlumberger) နာမကျန်းဖြစ်စဉ်ကာလ တစ်လျှောက်လုံး အထူးကြပ်မတ်၍ ဝိုင်းဝန်းကုသပြုစု စောင့်ရှောက်ပေးခဲ့ကြသည့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းအသီးသီးများ ကွယ်လွန်သူအတွက် ရည်စူး၍ ပေးပို့လှူဒါန်းကြသူများနှင့် ဈာပနအတွက် ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင် ပေးကြသူများ၊ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ မေးမြန်းကူညီပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဇနီး ဒေါ်ယဉ်ယဉ်မွန်း (ဒေါ်ဘေဘီ)**
**သား-မောင်စည်သူထက်နှင့်**
**ကျန်ရစ်သူမိသားစု**

---

## အနိစ္စ

## ဦးမြင့်သန်း

**(ဇုတ္တနိရွာ - မော်ကျွန်း)**

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောရပ်ကွက်၊ လေးအိမ်တန်းလမ်း၊ အမှတ် (၁၄၈)နေ (ဦးကြီးစိန်-ဒေါ်မြကြည်)တို့၏ သား၊ (ဦးသန်းမြင့်-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဦးစန်း-ဒေါ်နွဲ့၊ ဦးခင်စိုး-ဒေါ်ခင်လှိုင်၊ ဦးခင်မောင်-ဒေါ်ခင်ထွေး၊ ဦးစိုး(ဆ-သ-ရ၊ ငြိမ်း)-ဒေါ်ခင်မမ(MEPE-ငြိမ်း)၊ ဦးမြင့်ဆွေ-ဒေါ်ယဉ်ရွှေတို့၏ ညီ/မောင်၊ ဒေါ်ချို၊ ဒေါ်ဥမ္မာတို့၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ဇင်အောင်-မစုမွန်သန်း၊ ကိုရဲရင့်သွေး-မစုရည်မွန်သန်း၊ ကိုရဲလွင်-မဇင်မျိုးဦး၊ မစုခိုင်သန်း၊ မောင်ထက်အောင်သန်း၊ မောင်ကောင်းသန့်၊ မောင်ဘိုဘိုမြင့်၊ မအောဇာနည်မြင့်၊ မောင်မင်းခန့်၊ မအိနန္ဒာမြင့်တို့၏မွေးသဖခင်၊ မောင်မင်းသွေးခန့်၊ မဖြိုးစုသန့်ဇင်တို့၏ အဘိုးသည် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြို့မကျောင်းသားကျောင်းသူဟောင်း အသင်း**

## ဦးဦးချို

**အသက်(၅၈)နှစ်**

**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ- မဥ္ဇူ(၁)လမ်း၊ အမှတ်(၅၁)နေ ဒေါ်သိန်းသိန်းနွဲ့၏ ခင်ပွန်းသည် ၈-၂-၂၀၁၉ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသားကျောင်းသူဟောင်း အသင်း

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး

## ဒေါက်တာဦးမြတ်သွင် (Mervyn Tun Yin)

**(မော်လမြိုင်မြို့)**

**M.B.B.S (RGN)**

**ပြည်နယ်ကျန်းမာရေးဦးစီးမှူး (ငြိမ်း)၊ မွန်ပြည်နယ်**

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ (၁၉၉၅-၉၈)**

**မြန်မာနိုင်ငံဆရာဝန်အသင်း မော်လမြိုင်အသင်းခွဲ နာယက**

**အသက် (၉၇) နှစ်**

မော်လမြိုင်မြို့ မရမ်းကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၃၉၀)၊ "မွေးမိခင်ဂေဟာ"နေ [ဦးထွန်းရင်-ဒေါ်ဖွားကြည် (ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်းအုပ်ကြီး)]တို့၏ တစ်ဦးတည်းသောသား၊ (ဦးစိန်-ဒေါ်ပု)တို့၏သားသမက်၊ (ဒေါ်စိန်ကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မူမူသွင်(အထက်တန်းပြ၊ အမှတ်-၆ အထက၊ မော်လမြိုင်မြို့)၊ ဦးအောင်သွင်-ဒေါ်ဟန်ဝင်းရီ (အလယ်တန်းကျောင်းအုပ်၊ သာယာကုန်း၊ သထုံမြို့)၊ ဒေါ်မာမာသွင်၊ ဦးအုန်းသွင် (PETRONAS Carigali Myanmar Limited)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဘုန်းသွင်ထက်(အမှတ်-၆ အထက၊ မော်လမြိုင်မြို့)၏အဘိုး ဒေါက်တာဦးမြတ်သွင်သည် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မော်လမြိုင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Mrs. Manomani Williams @ Mary

**အသက် (၉၀)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၈၂)၊ ခုနစ်လွှာနေ [Mr.David Williams (ဝန်ထောက်မြန်မာ့ဆိပ်ကမ်း အာဏာပိုင်)]၏ဇနီး၊ (Mr.John David Ko Ko Gyi-Mrs.Rosy David)၊ Mr.Oswin-Mrs.Neela Oswin၊ Mr.Charlie၊ Saya Danny (ခမ္ဘအမှုတော်ဆောင်)၊ Mr.Eddie-Mrs.Gloria Eddie၊ Mr.Johnny-Mrs.Rosy Johnny၊ Ms.Ruth @ Kamala၊ Mr.Stanley Joseph (Mercure Yangon Kabaraye Hotel)-Mrs.Jacintha @ Sandar Nwe (Art & Deco Company)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ် ၁၇ ယောက်၊ တီသုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (Full Gospel Churchနှင့် အမှတ်(၈၂)၊ (၉၂)လမ်းနေအိမ်တို့မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ရွှေ

**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နယ်နေ (ဦးမောင်ဟုတ်-ဒေါ်ချစ်နွယ်)တို့၏ သား၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃/ခ)နေ (ဦးဉာဏ်သိုင်း-ဒေါ်မြ)တို့၏ သားသမက်၊ [ဒေါ်တင်သန်း(ခ)ဒေါ်ခင်မေရီ]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဌေးလွင်)-ဒေါ်ခင်သန်းဌေး၊ (ဦးစိုးနိုင်)၊ ဦးပြည်စိုး၊ ဦးသန်းဇော်ထွဋ်-ဒေါ်ချိုမာလွင်၊ ဦးစောမင်းထွန်း-ဒေါ်ဝင်းမာလွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မျိုးသီဟ-မခင်သက်ထွေး၊ မရွှန်းလဲ့ရွှေ၊ မယွန်းလဲ့ရွှေတို့၏ အဘိုး၊ မောင်ထူးမြတ်အောင်၏ ဘိုးဘိုးကြီးသည် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်စိုး

**ဆသတ(၁)(ငြိမ်း)**

**ကပ-၁၃၀၄၅၂**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၇)လမ်း၊ အမှတ်(၁၀၇၂)နေ (ဦးထွန်းရင်-ဒေါ်စိန်)တို့၏ သား၊ (ဦးသာဒေါင်း-ဒေါ်အေးရီ)တို့၏ သားသမက်၊ ဒေါ်ခင်ခင်(အမှတ်-၉၊ ဓာတုအထည်စက်ရုံ-ငြိမ်း)၏ ခင်ပွန်း၊ ဦးမင်းနိုင်-ဒေါ်မြင့်မြင့်စိုး၊ ဦးမောင်မောင်စိုး-ဒေါ်ခင်ထွေးရီ၊ ဦးဝင်းကို-ဒေါ်အေးအေးစိုး၊ ဦးညီညီစိုး၊ ဦးကျော်မင်း-ဒေါ်ခင်ခင်စိုးတို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ အဘိုး ဦးမြင့်စိုးသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## SHRI R.L Pandey @ ဦးအောင်ခင်

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဗြဟ္မဏမဟာသျှာဘာအသင်း၊ ဒု-ဥက္ကဋ္ဌဟောင်း**

ဟင်္သာတမြို့နေ (ဦးဂျိုး-ဒေါ်အေးမိ)တို့၏ သားငယ်၊ (ဦးချစ်မောင်-ဒေါ်စန်းစန်း)တို့၏သားသမက်၊ [SHRI R.C Pandey @ ဦးအောင်စိန်(မြန်မာနိုင်ငံ လုံးဆိုင်ရာ ဟိန္ဒူအမျိုးသားဗဟိုအဖွဲ့ချုပ်၏အတွင်းရေးမှူးဟောင်း-ဒေါ်ဆူရှီလာဒေဝီ]-ဒေါ်ညိမ်းညိမ်းတို့၏ တစ်ဦးတည်းသောညီ/မောင်၊ (ဒေါ်သိန်းသိန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးချစ်ရွှေ-ဒေါ်နီနီတို့၏အစ်ကို၊ သားသမီး ခြောက်ယောက်တို့၏မွေးသဖခင်၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး၊ သားသမက် ငါးယောက်နှင့် မြေးသမက် တစ်ယောက်၊ သမီးချွေးမ ကိုးယောက်တို့၏ဖခင်၊ မြေး ၂၇ ယောက်နှင့် မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၃-၂-၂၀၁၉ (အင်္ဂါနေ့) ည ၉း၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိပြီး၊ ကွယ်လွန်သူအားရည်စူး၍ ဟိန္ဒူထုံးတမ်းစဉ်လာအရ (၁)နှစ်ပြည့်ဆွမ်းကျွေးဝတ္ထုအလှူများကို ၂-၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ပြီးဖြစ်ပါကြောင်း။ ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် တရားနာဆွမ်းကျွေး ဝတ္ထုအလှူတမ်းကို ပြုလုပ်မည်ဖြစ်ပါကြောင်းနှင့် ဖခင်၏ရက်လည်နှင့် (၁) နှစ်ပြည့် ဆွမ်းကျွေးအလှူပွဲဖြစ်မြောက်အောင် ဘုရားစာရွတ်ဖတ်ပေးသောဟိန္ဒူဗြဟ္မဏ ဘုန်းတော်ကြီးများ၊ ကြွရောက်လာကြသော ဗြဟ္မဏမျိုးနွယ်ဝင်ဧည့်သည်တော်များ၊ ဂုဏ်သရေရှိ လူကြီးမင်းဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်က ဝိုင်းဝန်းကူညီကြသော ဧည့်သည်တော်များအား အထူးကျေးဇူးတင်ရှိပါသည်။ သား၊ သမီး၊ မြေးများမှ ကွယ်လွန်သူဖခင်ကြီးအားရည်စူး၍ ပြုလုပ်သမျှ ကုသိုလ်အလှူအတန်းများကိုရရှိပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျေးဇူးရှင်ဖခင်ကြီးအား အမျှ အမျှ အမျှ ပေးဝေပါသောကြောင့် သာဓု (၃) ကြိမ် ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

---

# ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ် ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင် ဖြစ်နိုင်ပါသည်။

**ဆီးချို သွေးချို ရောဂါကြိုတင်ကာကွယ်ပါ**

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။
(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။
(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။
(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။
(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့် စုံအောင်စားပါ။
(၇) တိရစ္ဆာန်မှရသော အဆီများ(ဥပမာ-ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ)တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသော အဆီများ စားသုံးနိုင်ပါသည်။
(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင်ကြိုးစား နေထိုင်ပါ။ ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

**တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျှော့နည်း စေနိုင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

# ဆေးလိပ်၊ ကွမ်းယာ ရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင်ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ခြေပုပ်လက်ပုပ်ရောဂါ
- ပန်းသေပန်းညှိုးရောဂါ

**သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများသည်လည်း ကိုယ်တိုင်ဆေးလိပ်သောက်သကဲ့သို့ ရောဂါများဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တက်ရောက်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

## စိတ်ကြိုက်မြန်မာစာ ကျောင်းသင်ခန်းစာ စာမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာ ကျောင်းသင်ခန်းစာ စာမျက်နှာ ပါရှိပါသည်။

## ကြေးမုံ သတင်းအညွှန်း


ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူ မြန်မာရွှေ့ပြောင်းလုပ်သား ငါးသန်းအထိရှိလာ
စာမျက်နှာ » ၂

အတ္ထုပ္ပတ္တိလက်ကမ်း
ဗိုလ်ချုပ်ရေးသည့် ဗိုလ်ချုပ်အကြောင်း
စာမျက်နှာ » ၆




## ပြည်ထောင်စုနေ့အထိမ်းအမှတ် စက်ဘီးစီးပွဲ မြိတ်မြို့၌ ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၁၂

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တတိယအကြိမ်လူထုစက်ဘီးစီးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီက မြိတ်မြို့ ကမ်းနားလမ်း သဲကွင်း၌ ကျင်းပရာ စက်ဘီးစီးအားကစားသမားများနှင့် ဝါသနာရှင် ၁၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဩစတြေးလျကလပ် ယူ-၁၇ ကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ဩစတြေးလျကလပ် ဘရစ္စဘိန်းရှိအာ ယူ-၁၇ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုးပြတ် အနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အမာခံကစားသမားအများစုကို အခြေခံကာ အရန်ကစားသမားအချို့နှင့် တွဲဖက်ပွဲထုတ်ခဲ့ပြီး ခြေအသာဖြင့်ကစားကာ ဂိုးဒါဇင်ဝက် သွင်းယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်း၏ ခြေစွမ်းမှာ အကောင်းဆုံးအနေအထားတွင် ရှိနေပြီး တိုက်စစ်မှူး မြတ်နိုးခင်၏ ဟက်ထရစ်သွင်းဂိုး အပါအဝင် ဂိုးပြတ် အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ပြီး တတိယပိုင်းတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ »»